

ရှင်ဓမ္မသာမိ (ပြင်သစ်)

# ရသေ့မလေး မာယာ

ဓမ္မဒါန

# ၁။ မာယာ

တံခါးပွင့်တဲ့အခါ အပြင်ကိုထွက်ပြီးဖြည်းဖြည်းချင်းလျှောက်ခဲ့တယ်။ ပစ္စုပ္ပန်မှာ ပဲခြေလှမ်းတိုင်းကို ဂရုစိုက်နေမိတယ်။ ရည်ရွယ်ချက်မရှိ၊ သွားစရာနေစရာလုံးဝမရှိပဲ လေက သစ်ရွက်ကိုသယ်ဆောင်သလိုသွားခဲ့တယ်။

လမ်းဆုံရောက်တော့ မြို့ရဲ့ ရှုပ်ထွေးမှုကင်းအောင် တောဘက်သွားတဲ့ လမ်းကို ရွေးလျှောက်ခဲ့တယ်။ သစ်ရွက်အများကြီးဝေဆာနေတဲ့သစ်ပင်အောက်မှာမှီထိုင်လိုက်ပြီး နားရွက်ထဲက လေတိုးသံများကိုရှုမှတ်ကာ ကိုယ်ခန္ဓာကို မြက်ခင်းပေါ်မှာ လဲလျောင်း ခဲ့ပါတယ်။ စိမ်းစိုလန်းဆန်းတဲ့ မြက်ရဲ့ရနံ့နဲ့အရောင်ဟာ မာယာ့ကို အံသြမှုဖြစ်စေပါတယ်။

မာယာဟာ သဘာဝတရားရဲ့ အလှကိုကြည့်ပြီး ကြည်နူးပျော်ရွှင်ခဲ့တယ်။ ပထမဆုံး အကြိမ် အဲ့ဒီအလှတို့ကို တွေ့ထိခံစားမှုကြောင့်ပါပဲ...။ မျက်လုံးကိုမှိတ်ထားပြီး ကျွန်မ ဖြတ်သန်းလာတဲ့ဘဝအကြောင်းကို ပြန်စဉ်းစားခဲ့တယ်။ မင်းတို့နားလည်အောင် ကျွန်မအကြောင်းကို အကုန်ဖွင့်ဟပြောလိုက်ချင်ပါတယ်။

ကျွန်မက မချမ်းသာခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မက အားလုံးပြည့်စုံစွာနေထိုင်ခဲ့ရ တယ်။ ကျွန်မမှာ မေမေရယ်၊ မောင်လေးရယ်ဟာ မြို့ရဲ့မြောက်ဘက်မှာရှိတဲ့ တောင်ပေါ်အိမ်လေးမှာနေထိုင်ခဲ့ကြတယ်။ အိမ်ရှေ့မှာရှိတဲ့ ကိုယ်ပိုင်စိုက်ခင်းကို အသုံးပြု ပြီး ဟင်းသီးဟင်းရွက်တွေကိုရာသီအလိုက်စိုက်ပျိုး၊ စိုက်ပျိုးလို့ရတဲ့ ဟင်းသီးဟင်းရွက် တွေကိုဈေးထဲမှာရောင်းချပြီး လုပ်ကိုင်စားသောက်ခဲ့ကြပါတယ်။

ရောင်းမကုန်တဲ့ အရွက်တွေကို ကျွန်မဟာ မရှိဆင်းရဲသားများကို ဝေငှပေးလေ့ ရှိပါတယ်။ ရောင်းရတဲ့ပိုက်ဆံကို ပေါင်မုန့်နဲ့ ရေနံဆီဝယ်ပြီး အိမ်ပြန်ခဲ့ တယ်။ ကျန်တဲ့ငွေကိုတော့ အိမ်လခအတွက် သိမ်းထားလိုက်တယ်။ ကျွန်မဈေးသွားတဲ့အခါ မေမေက အိမ်မှုကိစ္စတွေလုပ်ထားတယ်လေ။ ကျွန်မပြန်လာရင် အနားခဏယူခိုင်းပြီး ညစာစားဖို့ ပြင်ဆင်ပေးတတ်ပါတယ်။ မောင်လေးကတော့ ကလေးပီပီနဲ့ တစ်မနက်လုံး တစ်ယောက်ထဲ ရေအိုင်ထဲမှာ ဆော့လိုက်၊ သစ်ပင်ပေါ်တက်ပြီး ကြောင်ကိုဖမ်းလိုက်နဲ့ အချိန်ကုန်နေတတ် တယ်၊

အိမ်နီးနားချင်း ဦးလေးကြီးကကျွန်မတို့နေတဲ့အိမ်ရဲ့ပိုင်ရှင်ပါ။ ဦးလေးကြီးမှာ တူလေးတစ်ယောက်ရှိသေးတယ်။ သူ့တူလေးက မြို့မှာရှိတဲ့သူ့ရဲ့အိမ်မှာ တစ်ပတ်မှာနှစ်ရက်သာနေပြီး ကျန်တဲ့ရက်တွေကို သူ့ဦးလေးနဲ့အတူနေလေ့ရှိတယ်။ သူ့ဦးလေးမွေးထားတဲ့ မြင်းတွေကိုလည်း ကူညီစောင့်ရှောက်ပေးသေးတယ်လေ။ သူက ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ ကောင်လေးတစ်ယောက်ပါပဲ။ သူဟာနည်းနည်းထူးဆန်းပေမဲ့ တော်တော်လေးသဘောကောင်းပါတယ်။ သူမြင်းစီးတဲ့အခါ တောထဲကို အလည်လိုက်ဖို့ ကျွန်မကိုခေါ်တတ်ပါသေးတယ်။ ကျွန်မက တစ်ယောက်ထဲ နေကြာပန်းခင်းတွေထဲမှာ လမ်းလျှောက်ရတာကိုပိုပြီး နှစ်သက်တယ်။ ဒါပေမဲ့ ကျွန်မလိုက်ရင် သူလည်း ပျော်မယ်ထင်လို့ အတူစီးဖို့လက်ခံခဲ့တယ်။ သူငယ်ငယ်တုန်းက မိဘနဲ့ ပတ်ဝန်းကျင်ရဲ့ အလိုလိုက်မှုကိုမခံခဲ့ရလို့ထင်ပါရဲ့။ သူဟာ ကျွန်မနဲ့ ရင်းရင်းနှီးနှီးနေခဲ့တယ်။ ကျွန်မကလည်း သူ့ကိုသနားတော့ သူကျေနပ်အောင်နေပေး ခဲ့ပါတယ်။ ကျွန်မကတော့ သူ့ကို ကျွန်မရဲ့မောင်လေးကို စောင့်ရှောက်သလို စောင့်ရှောက်ခဲ့တယ်။

ကျွန်မရေချိုးတဲ့အခါမှာ သူဟာလာလာကြည့်တတ်ပြီးကျွန်မကိုရယ်နေခဲ့တယ် ကျွန်မရေဝတ်ချိုးတဲ့လုံချည်ဟာ ကျွန်မထက်အနည်းငယ်ကြီးနေလို့ သူရယ်တယ်လို့ကျွန်မ ထင်ခဲ့တယ်။ ဒါကြောင့် ကျွန်မလည်း သူနဲ့ရောရယ်ခဲ့တယ်။

****

# ၂။ တူ

သူမကကျွန်တော့်ကိုအမြဲအမှတ်တရဖြစ်စေခဲ့လို့ ကျွန်တော်သူမကိုမေ့မရအောင် စွဲလန်းခဲ့တယ်။ ကျွန်တော် ဦးလေးရဲ့မြင်းကို သူမတက်စီးတဲ့ပုံက သူရဲ့သတ္တိနဲ့ပြည့်စုံတဲ့ သူရဲကောင်းတွေလို နတ်သမီးလေးတစ်ပါးလို အရမ်းကိုကြည့်ကောင်းခဲ့တယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ သူ့ကိုစွဲစွဲလန်းလန်းချစ်ခဲ့တာပါပဲ။ သူမ စိတ်ချမ်းသာအောင် ကျွန်တော်ဟာ အားလုံးကို လိုလေသေးမရှိတတ်နိုင်သလောက် ဖြည့်ဆည်းပေးခဲ့ပါတယ်။ သူနဲ့အတူတူတစ်အိမ်ထဲမှာနေချင်လို့ သူမကိုကျွန်တော် လက်ထပ်ချင်ခဲ့တယ်။ ကျွန်တော်သူ့ကိုပဲ လက်ထပ်မယ်လို့ လည်းစိတ်ထဲမှာ ပြောနေခဲ့မိတယ်။

သူမလည်း ကျွန်တော့်ကိုအရမ်းချစ်နေတယ်ဆိုတာသိနေတယ်။ ကျွန်တော် ချစ်သလို သူမလည်းချစ်မယ်လို့ ယုံကြည်ခဲ့တယ်။ သူမရဲ့လက်ကလေးတွေကို ကိုင်တဲ့အခါ သူမက ဘာမှမပြောပဲနေတဲ့အတွက် သူမလည်းကျွန်တော့် လိုပဲချစ်နေတယ်လို့ ထင်ခဲ့တယ်။ သူမအလှဟာ မင်းသားမင်းသမီးတွေလို ပြင်မှလှတဲ့ အလှ မဟုတ်ဘဲ သဘာဝမပြင်မဆင်ပဲနဲ့ကိုလှခဲ့တယ်။ သူမ ငယ်ငယ်က သူများတွေလို အရုပ်တွေနဲ့ ဆော့ခဲ့ဟန်လည်းမတူဘူး။

သူမဆံပင်တွေက တိုနေတော့ ယောကျ်ားတစ်ယောက်ပုံစံ ပေါက်နေလို့ ပတ်ဝန်းကျင်ကတောင် သူမဟာယောကျ်ားစိတ်ပေါက်နေတယ်လို့ထင်ခဲ့ကြတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ လက်မခံဘူး။ ဆံပင်တိုလေးနဲ့ သူမရဲ့ပုံစံက ကျွန်တော့်ရဲ မျက်လုံးထဲမှာ အလှဆုံးမိန်းကလေးပါပဲ။

သူမက အရွယ်မရောက်သေးတဲ့ နတ်သမီးလေးပါပဲ။ သူမရေချိုးတဲ့အခါ ကျွန်တော် ကြည့်ဖို့မမေ့ခဲ့ဘူး။ သူမ ရေချိုးပုံလေးဟာ အရမ်းကိုပဲကြည့်လို့ ကောင်းတယ်။ ကျွန်တော်က သူ့ကိုစိတ်ထဲမှာ ကျီစယ်ချင်ခဲ့တယ်။ သူမကလည်း ကျွန်တော်ကြည့်တာကို ဘာမှမပြောဘဲ ကျွန်တော်နဲ့အတူလိုက်ရယ်တော့ ကျွန်တော့ကို ချစ်တယ်ပဲ ထင်ခဲ့တယ်။ သူမပြုံးလိုက်တိုင်း ကျွန်တော့်နှလုံးသားကို မြားနဲ့စိုက်သလို စူးနစ်စေခဲ့တယ်။ တစ်ခါတစ်လေ သူမ ဈေးသွားရင်

သူ မသိအောင်လိုက်ချောင်း ကြည့်ခဲ့တယ်။ သူမဟာ ဘယ်ယောကျ်ားလေးကိုမှ

ဂရုမစိုက်ဘူးဆိုတာလည်း ကျွန်တော်သိတယ်။ ကျွန်တော့်ကြောင့်လို့ထင်ပါရဲ့။

တစ်နေ့ပေါ့ဗျာ မိုးက လည်းတော်တော်ချုပ်နေပြီ။ သူမကလည်း ပြန်မလာသေးတော့ ကျွန်တော်အကြာကြီး သူမ ပြန်အလာကို ထိုင်စောင့်နေခဲ့တယ်။ တော်တော်မိုးချုပ်သွားတော့ ကျွန်တော့်ကိုပစ်ပြီး တစ်ခြားချစ်သူနဲ့လိုက်သွားလားလို့တောင် ထင်ခဲ့မိတယ်။ မပြောရဲလို့ ကျွန်တော် မသိအောင်ထွက်သွားတာ ထင်ပါရဲ့။ ကျွန်တော်သံသယမဖြစ်အောင် သူမပစ္စည်းတွေကို မယူဘဲ ဒီအတိုင်းထားသွားခဲ့တယ်။ ခုနစ်ရက်တိုင်တိုင် မြင်းစီးပြီးလှည့်ပတ်ရှာခဲ့ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်သူမကို လုံးဝရှာမတွေ့ခဲ့ပါဘူး။ ကျွန်တော်နဲ့အဝေးဆုံးကိုထွက်သွား ပြီဆိုတာ သိလိုက်ရတယ်။

****

# ၃။ မာယာ

မေမေက ကျွန်မဘာလုပ်လုပ်အမြဲယုံကြည်တယ်လေ။ ဖေဖေမရှိတဲ့နောက်ပိုင်းမှာ မေမေက ကျွန်မနဲ့မောင်လေးကိုအမြဲမပြတ် ပြုစုစောင့်ရှောက်ပြီး နေမကောင်းရင်လည်း ဆေးပင်တွေကိုကိုယ်တိုင်ရှာပြီး ကုသပေးတတ်သေးတယ်။ တုပ်ကွေးရောဂါ ဖြစ်နေတဲ့အိမ်ပိုင်ရှင် ဦးလေးကြီးကိုလည်း ဆေးဖော်ပြီး ကုပေးခဲ့သေးတယ်။ အိမ်အလည်သွားခြင်းကို မေမေက သဘောမကျတတ်ပါဘူး။ ပတ်ဝန်းကျင်က လူတွေလည်း ကျွန်မတို့အိမ်ကိုအလည်လာလေ့မရှိဘူး။ ခြံပိုင်ရှင်ရဲ့ အလှူပွဲတွေမှသာ ကျွန်မတို့သွားလေ့ရှိတယ်။ ကျန်တဲ့အချိန်မှာ ကျွန်မတို့ကလည်း မသွားသလို သူတို့ကလည်းမလာပါဘူး။

ဒါပေမဲ့ ကျွန်မတို့ကို နေတတ်အောင် လေ့ကျင့်ပေးထားပါတယ်။ မေမေက စာရေးတတ်ဖတ်တတ်အောင်နဲ့ အခြားပညာများကိုလည်း သင်ယူစေချင်တယ်။ အတွက် အချက်နဲ့ ဗေဒင်ပညာတို့ကိုလည်း သင်စေချင်တယ်။ ဒါပေမဲ့ ကျွန်မစိတ်မဝင်စား ခဲ့ပါဘူး။ ကျွန်မရဲ့ဟင်းသီးဟင်းရွက်အနံ့တွေကိုပဲ ချစ်တယ်။ ပန်းလေးတွေ တဖြည်းဖြည်းကြီးလာတာကိုပဲ တွေ့ချင်တယ်။ လယ်ကွင်းထဲမှာ လျှောက်သွားကြည့်ချင် တယ်။ တစ်ယောက်တည်းပဲနေချင်တယ် ပြီးတော့သူများကိုလည်း တတ်နိုင်သလောက် ကူညီချင်တယ် ဒါမျိုးတွေ လုပ်ရတာပဲကျွန်မနှစ်သက်တယ်။ ကျွန်မပညာသင်ယူဖို့ အတွက် ငွေလုံလောက်မှုမရှိဘူး။ ဒါပေမဲ့ ကျွန်မသင်ယူချင်ရင်တော့ မေမေက တတ်နိုင် သလောက်ရှာဖွေပြီး သင်ယူနိုင်အောင်လုပ်ပေးမှာအသေအချာပဲ။ ကျွန်မ မေမေပျော်အောင် လုပ်ပေးချင်တယ်။

တစ်နေ့မှာ ရှားပါးသောရောဂါတစ်ခု မောင်လေးမှာဖြစ်ပေါ်လာတယ်။ အရမ်းချမ်းတဲ့ ဝေဒနာကို သူ ခံစားနေရတယ်။ တစ်နေ့ထက်တစ်နေ့ အခြေအနေ ပိုဆိုးလာတယ်။ ခန္ဓာကိုယ်ကလည်းပဲ အဆက်မပြတ်တုန်နေတယ်။ တစ်ပတ်လောက် ကြာတော့ မောင်လေးက သိသိသာသာပိန်သွားတယ်။ အရိုးပေါ်အရေတင်တဲ့ အခြေအနေ ထိရောက်သွားတယ်။ မေမေရဲ့ဆေးပင်တွေနဲ့လည်း ရောဂါအခြေအနေက အရမ်းပြင်း လို့ကုလို့မရဘူး။ မြို့ထဲမှာ မောင်လေးကိုသွားပြရအောင်လည်း ပိုက်ဆံမတတ်နိုင်ဘူး။ ဆရာဝန်ဆိုတာကိုလည်း မေမေကောင်းကောင်းနားမလည်သလို ယုံလည်း မယုံကြည် ခဲ့ပါဘူး။ ဒါကြောင့်မေမေက

တောမှာပဲရှိတဲ့ဗိန္ဓောဆရာနဲ့ ကုမယ်ဆိုပြီး ရွာရဲ့အနောက် ဘက်ကို ရက်အတော်ကြာခရီးထွက်ခဲ့တယ်။ သဘောကောင်းတဲ့အိမ်ပိုင်ရှင်က ခရီးသွား လွယ်ကူဖို့ မြင်းတစ်ကောင်ငှားလိုက်တယ်။ လမ်းမှာစားဖို့အသားဟင်းတွေလည်း ပေးလိုက်သေးတယ်။ အိမ်ရှင်ဦးလေးကြီးကိုပဲ ကျွန်မနဲ့အိမ်ကိုအပ်ထားခဲ့တယ်။ လမ်းမှာ ဓားပြတွေကပေါလို့ မေမေနဲ့မောင်လေးအတွက် ရင်လေးနေခဲ့တယ်။ အချိန်တွေ တဖြည်းဖြည်းကုန်လာပြီး။ ရက်တွေလတောင်ပြောင်းတဲ့ အထိမေမေရောက်မလာတဲ့အပြင် ဘာသတင်းမှလည်းမကြားရတော့ပါဘူး။

ကျွန်မလိုအပ်တာရှိရင်။ သူကလာပြီးအကူအညီပေးတတ်ပါတယ်။ ကျွန်မရဲ့ဥယျာဉ် ကို လည်းပဲဂရုစိုက်တတ်ပေးသေးတယ်။ သူ့ရဲ့ဦးလေးကလည်း သဘောကောင်းပါတယ်။ ကျွန်မကိုလည်း အိမ်လခလျှော့ပေးတယ်လေ။ ညနေမိုးချုပ်ခါနီးဆို ကျွန်မက တောင်ထိပ် ပေါ်ကို လမ်းလျှောက်တတ်ရင်း တောင်ပေါ်မှာထိုင်ပြီး ကျွန်မဘဝ အဖြစ်အပျက်တွေကို အမျိုးမျိုးစဉ်းစားခဲ့တယ်။ နေ့တိုင်းနေ့တိုင်း အနောက်ဘက်ကို မျှော်ငေးပြီး မေမေနဲ့ မောင်လေးကိုလည်း မျှော်နေမိတယ်။ ဒါပေမယ့် သူတို့ပြန်မလာခဲ့ကြပါဘူး။

ကျွန်မရဲ့ဟင်းသီးဟင်းရွက်အကျန်တွေကို မရှိသူများအား ခါတိုင်းလိုပေးကမ်း ပြီး အိမ်ပြန်ခဲ့တယ်။ ဈေးဆိုင်လေး တစ်ဆိုင်နားရောက်တော့ ကျွန်မသိလိုက်ရပါပြီ။ ဘာလဲဆိုတော့ မေမေအမြဲတမ်းဝတ်တဲ့ ကြေးလက်ကောက်လေးကို တွေ့လိုက်ရလို့ပါပဲ။ အဲ့ဒီကြေးလက်ကောက်ကလေးဟာ မေမေငယ်ငယ်ကတည်းက ချွတ်ဖို့ကြိုးစားတာတောင် ချွတ်လို့မရခဲ့လို့ပါပဲ။ ကျွန်မနားလည်လိုက်ပါပြီ။ မေမေ့ကိုစောင့်ဖို့မလိုတော့ပါဘူး။ နောက်ဆုံးတော့ ကျွန်မစိတ်အားတင်းလိုက်ပြီး အဲ့ဒီလက်ကောက်ကို ပြန်ဝယ်ဖို့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ ဆိုင်ရှင်ကိုဈေးမေးပြီးခါမှ အသိတစ်ခုဝင်လာတယ် ဘာလည်းဆိုတော့ ပစ္စည်းဆိုတာသံယောဇဉ်တစ်ခုပါပဲလို့လေ။ လက်ကောက်ကို မြင်တိုင်း ကျွန်မခံစားမိမှာစိုးလို့လေ။

ဖေဖေက တန်ဖိုးအကြီးဆုံးပစ္စည်း ကျွန်မကိုပေးတဲ့သူဖြစ်တယ်။ တစ်ယောက်တည်း နေတတ်တာကို နှစ်သက်အောင် လေ့ကျင့်ပေးခဲ့လို့လေ။ ဖေဖေတောင်ပေါ်ကို သိုးကျောင်းသွားတဲ့အခါ တစ်ခါတစ်လေကျွန်မကို ခေါ်သွားလေ့ရှိတယ်။ ပြီးတော့ လေတိုးသံကို ရှုမှတ်တတ်အောင်လည်း သင်ပေးပါသေးတယ်။ ရာသီဥတုအကြောင်းနဲ့ ကောင်းကင်အရောင် မိုးသားအရောင်များကိုလည်း သင်ပေးတယ်။

ကျွန်မရဲ့အသက်(၁၁)နှစ်အရွယ်မှာသာ ဖေဖေမြင်းနဲ့တိုက်ပြီးမသေခဲ့ရင် ဖေဖေဟာ ကျွန်မနဲ့အတူ အခုထိ သိုးကျောင်းနေမှာအမှန်ပါပဲ။ ဖေဖေမရှိတော့လို့ သိုးများကို စောင့်ရှောက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ သိုးအုပ်တွေကိုတွေ့တိုင်း ကျွန်မဖေဖေ အကြောင်းကိုစဉ်းစားမိပြီး ဝမ်းနည်းသတိရမိတယ်။

သိုးအုပ်စုကဖေဖေရဲ့သင်္ချိုင်းလိုပါပဲ။ ဖေဖေဟာ ရိုးသားပြီး ကိုယ်ချင်းစာတရားရှိတဲ့ ကြင်နာတတ်သူတစ်ယောက်ဖြစ်ပါတယ်။ ဖေဖေကတစ်ခါမှ ဘယ်သူ့ကိုမှ စိတ်မဆိုးဖူးဘူး။ ညင်ညင်သာသာပဲပြောဆိုတတ်တယ်။ သိုးကျောင်းသွားရင် တစ်လနီးပါးလောက် ကြာတတ်တယ်။ သွားတဲ့အခါ ကျွန်မတစ်ညလုံးငိုခဲ့တယ်။ ဒီအချိန်မှာ ဖေဖေနဲ့လိုက်လို့ရအောင် ကျွန်မ သိုးမလေးဖြစ်ချင်ခဲ့တယ်။ ဖေဖေပြန်လာတဲ့အခါ သိုးကျောင်းသွားရင်းနဲ့ ဆုံခဲ့တဲ့ရဟန်းတော်အကြောင်းကို ပြောပြပြီဆိုရင် ကျွန်မလည်း ဖေဖေပြောသမျှကို ဂရုစိုက်နားထောင်ပေးတော့ ဖေဖေမျက်နှာဟာ အရမ်းကိုကြည်နူးလို့ပေါ့။

ဖေဖေတွေ့တဲ့ရဟန်းကတော့ တရားပိုင်ရှင်ရဲ့ တပည့်တစ်ယောက်ပါပဲ။ သူဟာ သံယောဇဉ် ကိလေသာတွေကိုဖြတ်ဖို့ ပညာအလင်းရောင်ပေးသူလည်းဖြစ်ပါတယ်။ အဲ့ဒီရဟန်းရဲ့တရားများအကြောင်းကို အချိန်အကြာကြီးပဲ မကြာမကြာ ကျွန်မကိုပြောပြ တယ်။ ဖေဖေပြောတဲ့ ရဟန်းတော်ရဲ့ စကားတွေက ရိုးသားတဲ့သူအတွက် ရွှေကိုမြင်ရ သလိုပါပဲ။ ဝိပဿနာလို့ခေါ်တဲ့တရားရဲ့အဓိပ္ပာယ်ကို ဖေဖေကကျွန်မကိုအမြဲတမ်း ပြောခဲ့တယ်။ အဲဒီအချိန်တုန်းက ကျွန်မကငယ်သေးတော့ အဲဒါတွေ အကျိုးမရှိဘူးလို့ ထင်ခဲ့တယ်။ ဒါကြောင့် ကျွန်မဟာ စိတ်ဝင်စားမှုမရှိခဲ့ဘူး။ ဒါပေမဲ့ ဖေဖေကို အရမ်းလေးစားလို့ သေသေချာချာမှတ်ထားပြီး နားထောင်ခဲ့တယ်။ အဲ့ဒီရဟန်းနဲ့ ဖေဖေတွေ့တာဟာ အရမ်းကံကောင်းတယ်။ သူတော်ကောင်းနဲ့တွေ့ဖို့ မလွယ်ဘူးလို့ ဖေဖေပြောတယ်။ ဖေဖေကိုယ်တိုင်ရော ရဟန်းဖြစ်ချင်လားလို့ကျွန်မမေးတဲ့အခါမှာ ဖေဖေမျက်လွှာချပြီး ပြောတာက ရဟန်းမဝတ်ခင် သံယောဇဉ်ဖြတ်ချင်တယ်တဲ့။ ဒါပေမဲ့ တားမြစ်ထားတာတွေ အမျိုးမျိုးပေါ်နေလို့ မရဘူးလို့ပြောခဲ့တယ်။

ရုတ်တရက်ကျွန်မ အတွေးတွေကိုဖျောက်ပစ်ပြီး ကိုယ့်ကိုယ်ကိုဖျောင်းဖျလိုက်မိပါ တယ်။ ကျွန်မထင်တာကတော့ ဖေဖေ၊ မေမေနဲ့မောင်လေးတို့ ကျွန်မတို့မိသားစု အားလုံး ဆုံနေကြပြီလို့ ထင်တာပါပဲ။ အခုတော့လည်း ကျွန်မတစ်ယောက်တည်း ကျန်ခဲ့တာပါပဲ။ ကြေးလက်ကောက်အကြောင်းကိုလည်း

အိမ်ပိုင်ရှင်ဦးလေးကြီးကို ပြောမပြတော့ပါဘူး။ တကယ်လို့ပြောပြလိုက်ရင် ပိုင်ရှင်အရမ်းဝမ်းနည်းသွားလိမ့်မယ်။

****

# ၄။ အိမ်ပိုင်ရှင်

သူမကအသက်ငယ်ပြီးတက်ကြွတယ်။ ကြင်နာတတ်တယ်။ အားလုံးကိုလည်းဂရုစိုက်တယ်။ ကျွန်တော့်ရဲ့တူက သူ့ကို အရမ်းကို စိတ်ဝင်စားနေတယ်။ သူမဆီကို မကြာမကြာ သွားတယ်။ သူမ နားသွားဖို့ အကြောင်းတစ်ခုမဟုတ်တစ်ခုရှာတယ်။ ကျွန်တော်ရဲ့ မြင်းတွေအပေါ်မှာလည်း သူမလောက်သာစိတ်ဝင်စားရင် အရမ်းကောင်းမှာပဲလို့တောင် တွေးမိတယ်။ သူမက စိတ်အရမ်းရှည်လို့ အရမ်းအံ့ဩစရာကောင်းတယ်။ ကျွန်တော့်ရဲ့တူက သူမအနားမှာ ယင်ကောင်တစ်ကောင်လိုပဲအမြဲနေတယ်။ သူမကလည်း ကျွန်တော့်တူအပေါ် အရမ်းသဘောကောင်းပါတယ်။ အဲဒီကလေးမက ကာကွယ်စောင့်ရှောက်တတ်တဲ့ နတ်သမီးနဲ့တူပါတယ်။ လူတိုင်းကို အချိန်မရွေးကူညီပေးတတ်တယ်။ သူများကို ကူညီရတယ်ဆိုရင်ပဲ သူမအရမ်းစိတ်ချမ်းသာနေတယ်။

တစ်ခါတစ်လေ ကျွန်တော်တို့အိမ်က မြင်းချီးတွေကို သူတို့စိုက်ခင်းအတွက်လာယူတဲ့အခါမှာ သူတို့အိမ်မှာရှိတဲ့ ဟင်းသီးဟင်းရွက်တွေ ယူပေးတယ်။ ပန်းတွေကိုလည်း မကြာမကြာလည်းပေးတတ်တယ်။ ပြတင်းပေါက်ဝမှာ ဟင်းသီးဟင်းရွက်တွေကို ခြင်းနဲ့ အပြည့်ထားခဲ့တတ်သေးတယ်။

သူမဟာ လယ်ကွင်းတွေ တောတွေထဲမှာ တစ်ယောက်တည်းနေတတ်တယ်။ တစ်ခါတစ်လေ သူမတစ်ယောက်တည်း သွားတယ်။ ကျွန်တော့်ရဲ့တူလေးကို ရှောင်နေတာတော့ မဟုတ်ဘူးလို့ထင်တယ် ဘာလို့လည်း သူက နေ့စဉ်တိုင်း တစ်ယောက်တည်း သွားတတ်ပါတယ်။ သူမရဲ့အဖေက သိုးကျောင်းသား တစ်ယောက်ပါပဲ။ သူ့အဖေက သိုးကျောင်းသားစိတ်ဓါတ်အရမ်းရှိတယ်။ ဒါကြောင့် သူ့သမီးကလည်း တစ်ယောက်တည်းပဲ နေရတာကြိုက်တယ် ထင်ပါရဲ့ဗျာ သူ့အဖေက လူမှုဆက်ဆံရေး မကောင်းဘူး။ တောတွေ တောင်တွေကိုအရမ်းကြိုက်တယ်။ တောင်ပေါ်မှာပဲအနေများတယ်။ အရမ်းသဘောကောင်းပါတယ်။ ဒါပေမဲ့ တော်တော်လေးရူးတယ်။ သူဟာ ရသေ့၊ အရိုးကြီး တို့လို လူမျိုးတွေနဲ့ ဆက်ဆံလေ့ရှိတယ်လို့ သူများတွေကပြောကြတယ်။ နေရာတိုင်းမှာ အရူးတွေရှိတတ်သလို။ ဒီတောင်ပေါ်ဒေသမှာလည်း အဲ့လိုအရူးတွေရှိတတ်ပါသေးတယ်။ သူတို့သားအဖနှစ်ယောက် စကားပြောပြီဆိုရင် ထူးဆန်းတဲ့အကြောင်းတွေပဲ ပြောတတ်ကြတယ်။ သူတို့အဖေက ဇနီးနဲ့နေတာထက် သမီးနဲ့နေတဲ့အချိန်တွေက ပိုမိုများပြားပါတယ်။ လူမှုရေးကိစ္စတွေကိုပဲ

သူ့ဇနီးနဲ့ပြောလေ့ရှိပြီး ကျန်တဲ့ကိစ္စတွေကိုတော့ သူ့သမီးလေးနဲ့ ပဲပြောလေ့ရှိတယ်။ မာယာရဲ့အဖေ မြင်းကန်လို့သေဆုံးတော့ သူ့ရဲ့ သားငယ်လေးက တော်တော်လေးကို ငယ်ပါသေးတယ်။ ရသေ့တွေနဲ့ဆက်ဆံမိလို့ သူတို့ ဒုက္ခတွေနဲ့ ကြုံရ တာထင်တယ်လို့ လူတိုင်းက ထင်မြင်ချက်ပေးကြတယ်။ နောက်ဆုံး သူတို့နေတဲ့ အိမ်ကိုတောင်ဒုက္ခတွေနဲ့ ပြည့်နေတယ်လို့ယူဆကြတယ်။ ဒါကြောင့် အဲ့ဒီအိမ်ကို နေချင်တဲ့ လူရှားပါးပါတယ်။ ကျွန်တော့်ရဲ့ မြင်းတွေကိုလည်း သူတို့အိမ်နားမှာမထားရဲဘူး။ ဒုက္ခရောက်မှာကြောက်လို့ပေါ့ဗျာ ဒုက္ခကူးမှာစိုးတာကိုး။

မာယာရဲ့အဖေသေဆုံးပြီး သုံးနှစ်လောက်အကြာမှာ ဘယ်သူမှမသိပဲ သူ့ဇနီးနဲ့သူ့သားလည်း ထူးဆန်းစွာနဲ့ပျောက်သွားခဲ့တယ်။ သူတို့အကြောင်းကိုလည်း ဘာမှထပ်မကြားရတော့ပါဘူး။ နောက်တစ်နှစ်အကြာမှာပဲ ကောင်မလေးလည်း အကြောင်းမကြားပဲထွက်ခွာသွားခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း မာယာ့အကြောင်းကိုလည်း လုံးဝမကြားရတော့ပါဘူး။

*****

# ၅။ မာယာ

ကျွန်မလည်း ခါတိုင်းလုပ်ရိုးလုပ်စဉ်အတိုင်း ဈေးကိုသွားဖို့ ဟင်းသီးဟင်းရွက်တွေကို အိတ်တစ်လုံးထဲထည့်ပြီး ဈေးကိုသွားခဲ့ပါတယ်။ ဈေးကိုရောက်ဖို့ မြို့တစ်မြို့ကို ဖြတ်ရသေးတယ်။ မြို့ထဲလည်းရောက်ရော လမ်းမကြီးနားမှာပဲ ကျွန်မရဲ့အိတ်ကလေးကို ခဏချပြီး အနားယူလိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အဲ့ဒီနေ့မှာပဲ အရပ်ရှည်ရှည်နဲ့ လူတစ်ယောက်က ခပ်သန့်သန့်ဝတ်ထားပြီး လမ်းမအလယ်မှာမတ်တပ်ရပ်ရင်း လမ်းဘေးမှာ ရှိတဲ့ ဟိုတယ်တစ်ခုကို စိတ်ဝင်စားစွာနဲ့ ကြည့်နေတာကို ကျွန်မတွေ့လိုက်တယ်။ သူဟာ သူ့ရဲ့မေးစေ့ကိုကိုင်ပြီး ဟိုတယ်ကြီးရဲ့အလှအပကိုကြည့်နေတယ် ထင်ပါရဲ့။ သူ့ပုံစံက ပတ်ဝန်းကျင်ကို မေ့လျော့နေတဲ့ပုံပါပဲ။ ဟိုတယ်ကို အာရုံအရမ်းစူးစိုက်နေလို့ အရှိန်ပြင်းပြင်းနဲ့မောင်းလာတဲ့ မြင်းလှည်းကို သူလုံးဝသတိမထားမိဘူး။ မြင်းလှည်းကလည်း အရှိန်မလျော့ဘဲ သူ့ကိုတိုက်မတတ်ဖြစ်ခဲ့တယ်။ သူကတော့ဘာမှလည်း မမြင်၊ ကြားလည်း မကြားဘူး။ လှမ်းအော်ရင်အချိန်မမီမှာစိုးတာကြောင့် အန္တရာယ်မကျရောက်ခင် သူ့ဆီကို ကျွန်မအတင်းပြေးပြီး သူ့ကိုအားနဲ့လှည်းနဲ့ဝေးရာကိုတွန်းထုတ်ခဲ့ပါတယ်။ တော်ပါသေးရဲ့ သူဟာနည်းနည်းလေးပိန်နေလို့ လွယ်ကူစွာပဲ သူ့ကိုတစ်ဖက် ရောက်အောင်တွန်းနိုင်ခဲ့ ပါတယ်။

အချိန်တိုတိုလေးနဲ့ လူတစ်ယောက်အသက်ကိုကယ်တင်နိုင်လို့ဝမ်းသာခဲ့ရပါတယ်။ ဒါပေမဲ့သူရောကျွန်မပါ နှစ်ယောက်စလုံးရွှံ့ထဲကို ပြုတ်ကျသွားတယ်။ သူဟာ အငေးလွန်နေလို့ မြင်းလှည်းလာတာကိုလုံးဝမသိဘဲ ကျွန်မတွန်းလိုက်တာတစ်ခုတည်းကိုပဲ သိလိုက်တယ် ထင်ပါတယ်။

အနီးနားက သူ့ရဲ့သူငယ်ချင်းတွေကလည်း သူနဲ့ကျွန်မကိုဝိုင်းပြီးလှောင်ခဲ့ကြတယ်။ သူဟာ အရမ်းချမ်းသာကြွယ်ဝတဲ့ ရတနာကုန်သည်ကြီး တစ်ဦးဖြစ်တာကြောင့် သူတော်တော်လေးရှက်သွားခဲ့တယ်။ ဒါကြောင့် သူက မျက်နှာထားတင်းစွာနဲ့ လဲရာမှ ချက်ချင်း ထလိုက်တယ်။ ကံဆိုးစွာနဲ့ ချက်ချင်းထလိုက်ကာမှ သူ့လုံချည်က ကျွတ်ပါလေရော။ အစကတည်းကစိတ်တိုနေတဲ့သူက ပိုပြီးဒေါသထွက်လေရော။ သူသတိ ပြန်ပန်ဝင်လာတော့ ပုဆိုးကိုခပ်မြန်မြန်ပြန်ဝတ်ပြီး ကျွန်မကိုပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့တယ်။ သူငယ်ချင်း တွေရှေ့မှာ တစ်ရှက်ကနေနှစ်ရှက် သူကြုံတွေ့ခဲ့ရတာကိုး။ ကျွန်မသူရိုက်တာကိုအံ့သြပြီး

လက်နှစ်ဖက်နဲ့ အတင်းကာကွယ်ခဲ့တယ်။ သူ့ သူငယ်ချင်းတစ်ယောက်က သူ့ကိုလှမ်းဆွဲပြီး တားလိုက်ပါတယ်။ ကျွန်မကိုမလုပ်ဖို့တားမြစ်တယ်လေ။ ကျွန်မကိုရိုက်လို့ လက်လွန်ခဲ့ရင် တရားရုံးတွေဘာတွေရောက်မှာ စိုးတယ်လေ။ သူတို့ဘက်ကမှားတော့ တရားမနိုင်မှာကို လည်း ကြောက်တာကိုး ဒါနဲ့ သူလည်းလန့်ပြီး ကျွန်မကိုအတင်းရိုက်နှက်နေရာမှ ချက်ချင်းငြိမ်သက်သက်သွားခဲ့တယ်။ သူဟာ ကျွန်မရဲ့ဟင်းသီးဟင်းရွက်တွေကိုအတင်းယူ ပြီး ကျွန်မကိုပုလိပ်တွေဆီကို ခေါ်သွားခဲ့တယ်။ သူတို့ဟာ သူတို့တရားနိုင်ဖို့အတွက် ကျွန်မကသူတို့ရတနာတွေခိုးယူ ဖို့ကြိုးစားတယ်လို့လိမ်လည်ပြောဆိုပြီး ကျွန်မကိုအမှုဖွင့်ခဲ့ တယ်လေ။ပုလိပ်တွေကကျွန်မကို လေးရက်တိုင်တိုင် မြေအောက်ခန်းလေးထဲမှာထားခဲ့ကြ တယ်။ ကျွန်မအိမ်ကိုပြန်ပြီး အိမ်ပိုင်ရှင်ဦးလေးကြီးကို အကူအညီတောင်းဖို့ကြိုးစားပေမဲ့ သူတို့ကခွင့်မပြုခဲ့ပါဘူး။ တစ်ခုတော့စိတ်သက်သာရာရခဲ့ပါတယ်။ ကျွန်မကိုစိတ်ပူပန်မယ့် လူတစ်ယောက်မှ မရှိလို့လေ။ အဲ့ဒီအတွက်စိတ်အေးခဲ့ရပါတယ်။ သူတို့က လူကြီး အာဏာပိုင်တွေဆိုတော့လည်း ကျွန်မအနေနဲ့ဘာမှမတတ်နိုင်ခဲ့ဘူးလေ။ ကျွန်မရဲ့စိတ်ထဲမှာ သူတို့တောင်းမဲ့ ဒဏ်ငွေဘယ်လောက်များများ ကိစ္စမရှိပါဘူး။ ကျွန်မမှာရှိတဲ့အရာတွေ အားလုံးတောင်းလည်း လိုက်လျောနိုင်ပါတယ်။ ကျွန်မစိတ်ထားဖြူစင်နေဖို့က အဓိကပါပဲ လို့ စိတ်ကူးမိတယ်။ မြေအောက်ခန်းထဲမှာနေရင်း ဖေဖေပြောပြောနေတဲ့ ရဟန်းတော် ကြီးရဲ့ စကားကိုပြန်လည် စိတ်ကူးကြည့်နေလိုက်တယ်။

*****

# ၆။ ရတနာကုန်သည်

တရားရုံးမှရုံးကိစ္စမပြီးခင် အချိန်တွင်းမှာကို ကျွန်တော်စိတ်တိုတိုနဲ့ အဲဒီကောင်မလေးကို လည်ပင်းညစ်သတ်မယ်လို့ အကျယ်ကြီးစိတ်ထဲကနေအော်နေလိုက်တယ်။ ကျွန်တော်တရားရုံးမှာညာခဲ့မိတယ်။ ဒီကောင်မလေးကကျွန်တော့ကို အရှက်ကွဲစေခဲ့တာကိုး။ တကယ်တမ်းတော့ သူမကို ကျွန်တော်ဘာမှကိုယ်ထိလက်ရောက်လုပ်ဖို့စိတ်ကူးမရှိပါဘူး။ ကျွန်တော့်မိဘတွေကလည်း ကောင်းကောင်းသွန်သင်ခဲ့တယ်လေ။ ကျွန်တော့်မိဘတွေကလည်း မျိုးရိုးကြီးတွေဖြစ်နေလို့ ဘာမှမလုပ်ခဲ့တာပါ။ တောသူမလေးကိုတရားစွဲလည်း သူ့ဆီက ပိုက်ဆံရနိုင်မှာမဟုတ်ဘူးဆိုတာ ကျွန်တော်သိတယ်လေ။ ကျွန်တော့်ရဲ့ဂုဏ်သိက္ခာအတွက် သူ့ကိုတရားစွဲခဲ့ရခြင်းသာဖြစ်တယ်လေ။ ကျွန်တော့်ရဲ့ မိသားစုဂုဏ်သိက္ခာက ပိုက်ဆံထက်ပိုတန်ဖိုးကြီးတယ်။

တရားရုံးရဲ့နောက်ဆုံးအချိန်… လူတွေအားလုံးကလည်း စိတ်ဝင်စားနေတဲ့အချိန်မှာကလေးမလေးဟာဘာမှမပြောပဲနဲ့နေခဲ့ပါတယ်။ သူမဟာအရမ်းအံ့ ဩလွန်းလို့အသက်မရှိတော့တဲ့ ပုံစံနဲ့လေ။ တောသူမလေးက ဘာမှမပြောပဲငြိမ်သက်နေလို့ ကျွန်တော် အရမ်းစိတ်တိုမိတယ်။ ဒီလိုနဲ့ကျွန်တော်တို့အမှုပြီးဆုံးသွားပါတယ်။ လူတွေအားလုံးလည်းပြန်ကုန်ကြပါပြီ။ ကျွန်တော်တရားရုံးကနေ ထွက်ခွာခါနီးမှာတောသူမလေးက အော်ခေါ်ခဲ့တယ်။ ကျွန်တော့ကိုဆဲမယ်ထင်လို့ကျွန်တော်လှည့်မကြည့်ဖြစ်ဘူး။ ရှေ့နေကောင်မလေးကလှည့်ကြည့်လိုက်ပါအုံးလို့ပြောလို့ ကျွန်တော်သူ့ကိုလှမ်းကြည့်တဲ့အခါမှာ သူ့လက်ထဲမှာကိုင်ထားတဲ့ တန်ဖိုးကြီးတဲ့ ပတ္တမြားကိုတွေ့လိုက်ရတယ်။ အဲဒီပတ္တမြားက ကျွန်တော့်အမေရဲ့အမွေတစ်ခုဖြစ်ပြီး ကျွန်တော်အရမ်းတန်ဖိုးထားတဲ့ ပတ္တမြားနဲ့ တော်တော်တူတယ်။ သူမဟာ မှော်ဆရာမလားလို့တောင် ထင်မိတယ်။ ကျွန်တော့ရဲ့ပတ္တမြားနဲ့တူအောင် ဖန်ဆင်းပြီးပြန်ပေးတာနဲ့တူပါရဲ့။

သေချာဆန်းစစ်ကြည့်လိုက်တော့ ကျွန်တော့လည်ပင်းက ပတ္တမြားဟာပြုတ်ထွက်သွားပြီး မရှိတော့ဘူးလေ။ ကျွန်တော်လန့်ပြီးအံ့ဩမဆုံးဖြစ်ခဲ့ရတယ်… သူ့မျက်နှာကိုတဖြည်းဖြည်းကြည့်ပြီး ပစ္စည်းကိုပြန်ယူခဲ့တယ်… ကျွန်တော် စကားတစ်လုံးမှ မပြောနိုင်ဘဲတရားရုံးမှထွက်လာခဲ့တယ်။ သူမကျွန်တော့ကိုကြည့်တဲ့မျက်လုံးထဲမှာ ကျွန်တော်ကို

မခံချင်စိတ်မရှိပဲ ပြုံးပြုံးလေးပဲကြည့်နေခဲ့တယ်။ ကျွန်တော်အဲဒီမြင်ကွင်းကို ဘယ်တော့မှမမေ့မှာမဟုတ်ပါဘူး။

ကျွန်တော်စိတ်ထဲမှာအဲဒီကိစ္စနဲ့ပတ်သက်ပြီး ညတိုင်းအိပ်မပျော်နိုင်ဖြစ်ခဲ့ရတယ် သူမဟာ ကျွန်တော်ထင်သလိုမဟုတ်ပဲ... စိတ်ထားကောင်းတယ်နဲ့တူပါရဲ့။ ကျွန်တော်တရားစွဲထားတာကိုလည်း ပြန်ရုပ်သိမ်းလို့မရတော့ပါဘူး။ ဒါပေမဲ့ကျွန်တော့်ရဲ့ ရှေ့နေက ပြန်ရုတ်သိမ်းရင် ကိုယ့်ဘက်က သိက္ခာကျဆင်းတယ်လို့ ပြောပြီးပြန်ရုပ်သိမ်းဖို့ကို ကန့်ကွက်ခဲ့ပါတယ်။ ကိုယ့်ရတနာဆိုင်လည်း အရောင်းအဝယ်နည်းသွားနိုင်တယ်လို့ ပြောပါသေးတယ်။ သူမဟာ ကျွန်တော့်ကို ရှုံ့ထဲကျအောင်လည်းလုပ်တယ်၊ လုံချည်ကိုလည်းကျွတ်စေတယ်လေ။ ပတ္တမြားကိုလည်းခိုးတယ်။ သိက္ခာလည်းကျဆင်းစေတယ်။ အဲ့ဒီကောင်မလေးကို ပြန်လွှတ်လိုက်မယ်ဆိုရင်ပိုပြီး သိက္ခာကျစရာတွေဖြစ်လိမ့်မယ်ဟု ဖျောင်းဖျပါတယ်။

ကျွန်တော့်သူငယ်ချင်းကလည်းပြောပါတယ်။ ရှေ့နေကပိုက်ဆံနည်းနည်းလေးရမှာကြောက်လို့ အမှုကိုမရုပ်သိမ်းသေးတာပါတဲ့။ မင်းကိုကောင်မလေးက မြင်းလှည်းရန်ကနေကယ်လိုက်တဲ့ မျက်မြင်သက်သေတွေကိုလည်း ပိုက်ဆံနဲ့နှုတ်ပိတ်ထားတယ်လို့ကြားပါတယ်တဲ့...။ သူကူညီချင်ပေမယ့်လည်း အခြေအနေတွေ အရမ်းရှုပ်ထွေးနေတာ ကြောင့် မတတ်နိုင်ခဲ့ကြောင်းကိုလည်း ရှင်းပြပါတယ်။ ကျွန်တော့်အဖြစ်မှန်တွေကို သိလိုက်ရတော့ အံ့ဩမိတယ်။ အခုချိန်ကစပြီး တောသူတောင်သားတွေကို လူတန်းစားမခွဲခြားပဲ..အရာရာကိုအမှန်ဘက်ကနေမြင်ပြီး နားလည်ပေးမယ်လို့လေ။

*****

# ၇။ မာယာ

ကျွန်မရဲ့အမှုကို သူတို့အစီအစဉ်တကျ စီစဉ်ခဲ့လို့ တရားရုံးကို ဘာပဲ ထွက်ဆို… ထွက်ဆို… အခြေအနေထူးမှာမဟုတ်ကြောင်းကို သိလိုက်ပါတယ်။ ကျွန်မဟာသူဆင်းရဲမ တစ်ယောက်ဖြစ်လည်း ရှေ့နေလိုက်ပေးမယ့်သူလည်းမရှိဘူးလေ။ ရတနာကုန်သည်က ကျွန်မကိုအရမ်းစိတ်ဆိုးခဲ့တဲ့အတွက်ကြောင့် ကျွန်မ တောင်းပန်ချင်ခဲ့တယ်။ သူများ အသက်ကိုကယ်ရင်း ကျွန်မအသက်ဆုံးရှုံးသွားလည်း ကျွန်မကျေနပ်ပါတယ်။ ကျွန်မကူညီနိုင်ပါတယ်။ သူ့ကိုအန္တရာယ်က လွတ်အောင်ကူညီခဲ့တာကိုရှင်းပြချင်ပေမယ်… အရာမဝင်နိုင်ဘူးဆိုတာကိုသိလို့ ဘာမှမပြောဘဲနေခဲ့ပါတယ်။ တရားသူကြီးက ကျွန်မကို ထောင် (၇)နှစ် ကျရန်ဆုံးဖြတ်ချက်ချတဲ့အခါမှာ လူတိုင်းပျော်ကြပါတယ်။ အထူးသဖြင့် ရတနာကုန်သည်ကြီးရဲ့ ရှေ့နေက အပျော်ဆုံးဖြစ်ခဲ့တယ်။

ဘယ်လိုပဲဆုံးဖြတ်ပါစေ ကျွန်မလုံးဝ မကြောက်ခဲ့ပါဘူး…ကျွန်မအတွက်တော့ တစ်သက်လုံး ထောင်ကျနေလည်းကိစ္စမရှိပါဘူး။ ခေါင်းဖြတ်မယ်ဆိုရင်တောင် ကြောက်မှာမဟုတ်ပါဘူး။ ကျွန်မ ဘယ်သူ့အပေါ်ကိုမှ အကုသိုလ်စိတ်နည်းနည်းလေးမှ မထားခဲ့ပါဘူး။

ကျွန်မကို ဖမ်းတဲ့နေ့က ရတနာကုန်သည်ကို ကျွန်မအရမ်းစိတ်ဆိုးခဲ့တယ်။ ဖေဖေတွေ့ ခဲ့တဲ့ရဟန်းကြီးပြောတဲ့စကားတွေကိုပြန်စဉ်းစားခဲ့တာကြောင့် ရန်စိတ်၊ ဒေါသစိတ်တစ်ခုမှ မရှိအောင်စိတ်ကို အရင်ဆင်ခြင်ရပါသေးတယ်။ တရားရုံးအပြီးမှာ လူတိုင်းက ကျွန်မရဲ့ အကြောင်းပြောနေကြပါတယ်။ ကျွန်မ စိတ်မဆိုးခဲ့ပါဘူး ဒါပေမဲ့ ရတနာကုန်သည်ဟာ မျက်ကန်းနဲ့တူတာကြောင့် ကျွန်မစိတ်မကောင်းဖြစ်ရပါပဲ။ သူများတွေက တောသူ ကောင်မလေး တရားရုံးတယ်ဆိုပြီးပျော်ရွှင်စွာနဲ့ထွက်ခွာသွားကြလေရဲ့။ သူတို့စိတ်ထဲမှာ ကျွန်မက သူခိုးမလေးကိုး။ ကျွန်မတစ်ယောက်တည်း ကျန်ခဲ့တဲ့အချိန်မှာပဲ… ကုန်သည် ကြီးရဲ့ ပတ္တမြားကျွန်မဆီကိုလိမ့်လာပါတယ်။ ကျွန်မချက်ချင်းပဲ သူ့ကို အော်ခေါ်ပြီးပေး ခဲ့တယ်။ သူ့ကျွန်မကိုလှည့်ကြည့်ပြီးနောက်မှာ သူ့မျက်နှာ ချက်ချင်း ပြောင်းလဲ သွားခဲ့တယ်။ သူကျွန်မကိုအံ့သြစွာကြည့်ပြီး ကျွန်မဆီကို တဖြည်းဖြည်းချင်း လာပြီး ပတ္တမြားကိုပြန်ယူခဲ့ပါတယ်။ ကျွန်မရိုးသားကြောင်းကို သိသွားလိမ့်မယ်လို့ ကျွန်မထင်တာပဲလေ… ဒါပေမယ့်သူကျွန်မကိုစိတ်ဆိုးမပြေလောက်ပါဘူး…

ထောင်အမည်ကလဒများထောင်တဲ့အမိုးမရှိ၊ အကာမရှိထောင်ဖြစ်တာကြောင့် လူသေရင် လင်းတတွေလာစားကြတယ်လေ။ နေဝင်ချိန်လောက်မှာ ကျွန်မကိုသူတို့ အဲ့ဒီထောင်ကိုခေါ်ဆောင်သွားကြပါတယ်။ ချက်ချင်းပဲ ကျွန်မစိတ်တွေညစ်ပြီး အဲ့ဒီထောင်ကြီးထဲကလွတ်မြောက်ချင်တဲ့စိတ်ဖြစ်ပေါ်လာပါတယ်။ ဖေဖေပြောတဲ့လွတ်လပ်ခြင်းဆိုတာကိုလည်း သဘောပေါက်စပြုလာခဲ့တယ်။ တရားအလုပ်လုပ်မယ်ဆိုရင် နည်းနည်းတော့ စိတ်ချမ်းသာလာမှာပါဆိုပြီးစိတ်ကူးမိတယ်။ စိတ်ဆင်းရဲလှတဲ့ ထောင်ဆီကိုသွားနေတဲ့လှည်းပေါ်မှာ ထိုင်ရင်းကျွန်မစဉ်းစားမိတယ်။ ဝစီပိတ်နေပြီး တရားတော်အပေါ်မှာပဲအာရုံစိုက်မယ်လို့လေ။ ထောင်ကမထွက်မချင်း ဘာစကားမှမပြောတော့ဘဲတရားတော်ကိုပဲ အာရုံပြုမယ်လို့အဓိဋ္ဌာန်ချလိုက်ပါတယ်။ လင်းတများထောင်ကြီးဟာ အရမ်းချမ်းနေလိမ့်မယ်လို့ ကျွန်မ စိတ်ကူးခဲ့သမျှ… ဟိုလည်းရောက်ရော… အရမ်းကိုပူအိုက်နေတယ်။ ပြီးတော့ ယောကျ်ားကြီးတစ်ယောက်က ကျွန်မလက်ကိုဆွဲပြီး ထောင်ရဲ့အပေါ်ထပ်ကိုခေါ်ဆောင်သွားခဲ့ပါတယ်။ သူရဲ့ကိုယ်ကကြက်သွန်ဖြူအနံ့တွေလည်းရနေတယ်။ ထောင်ကြီးတစ်ခုလုံး သူ့ရဲ့ဖိနပ်သံကလွဲလို့ တိတ်ဆိတ်နေပါတယ်… အတွင်းပိုင်းကိုရောက်လေလေ… ကျွန်မစိတ်ထဲမှာနဂါးပါးစပ်ထဲကိုဝင်သွားသလို ပိုပြီးအပူချိန်တွေပြင်းလေလေလို့ထင်တာပါပဲ။ ကျွန်မဆံပင်တိုတာ ဒီအချိန်မှာ ကျေနပ်စရာပါပဲ။ ဆံပင်ရှည်မယ်ဆိုရင်ကျွန်မဆံပင်ကို အတင်းဆွဲပြီးလူကြီးကခေါ်မလားမသိဘူး။ အဲ့ဒီအချိန်မှာစိတ်ချမ်းသာဖွယ် ကောင်းတဲ့ငှက်ကလေးတွေအသံကိုကျွန်မကြားချင်မိတယ်။ တစ်ပြိုင်နက် လင်းတငှက်ကြီးတွေကိုလည်း သတိရလိုက်တယ်။ ငါသေသွားခဲ့ရင် ငါ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေကိုစားမှာပဲလို့လေ။ အခန်းတစ်ခုနားကိုရောက်တဲ့အခါ ကျွန်မကို အခန်းထဲအတင်းတွန်းထည့်ပြီး အပြင်ကနေ သော့ခတ်ပစ်လိုက်ပါတယ်။ အခန်းထဲမှာကျွန်မကလွဲလို့ ဘယ်သူမှရှိမနေဘူး။ ထောင်ကြီးဟာ တိတ်ဆိတ်ပြီးထောင်သားတွေရဲ့ ဝေဒနာခံစားပြီးညည်းညူနေတဲ့အသံကိုပဲကြားနေရတယ်။ ပြီးတော့ရေကျနေတဲ့အသံကလည်း တတောက်တောက်နဲ့ဟိန်းထွက်နေပါတယ်။ ကျွန်မကိုကြိုးတွေနဲ့ချုပ်နှောင်မထားတာကိုပဲ ကျေးဇူးတင်နေရဦးမှာပါ။ အခန်းဟာ နေအလင်းရောင်မရှိပဲမှောင်မည်းနေတယ်။ ဒီအခန်းထဲမှာနေရတာကို ကျွန်မကြာရှည် သည်းခံနိုင် စွမ်းမရှိလောက်ဘူးထင်ပါရဲ့။ တအားပူပြီးအသက်ရှူလည်းခက်နေတယ်။

အခင်းလည်းမရှိကြမ်းတမ်းညစ်ပတ်တဲ့ သံမံတလင်းပေါ်မှာ ကျွန်မပင်ပန်းလွန်းလို့အိပ်ပျော်သွားခဲ့တယ်။ အိပ်ရာကလန့်နိုးတော့ ထောင်ထဲရောက်နေတာကို အိမ်မက်ဆိုးလို့ထင်မိတယ်။ ထောင်သားတွေရဲ့ညည်းညူသံဟာ အမှန်အကန်ဆိုတာကိုသက်သေပြနေပါတယ်။ ဗိုက်ကလည်းအရမ်းဆာနေပြီး ပိုးကောင်တွေကလည်း ကျွန်မခန္ဓာကိုယ် အနံ့

အပြားပေါ်မှာ တက်နေကြလေရဲ့။ ခန္ဓာကိုယ်ကလည်း တဆတ်ဆတ်တုန်နေသေးတယ်။ နေ့ခင်းမှာအရမ်း အိုက်လို့ ညအခါမှာချမ်းတာ ဖြစ်နိုင်တယ်။ ကျွန်မကိုယ်ပေါ်မှာလည်း ဂါဝန်ပါးပါးလေး တစ်ထည်နဲ့ ခြုံတဘက်တစ်ထည်ပဲရှိတယ်။ ဒါကြောင့်ကျွန်မချမ်း နေတယ်။ အိပ်တာ တောင်ခေါင်းအုံးမရှိလို့ လက်ကိုအုံးအိပ်ခဲ့ရသေးတာပဲလေ။ တရားရုံး တော့ကျွန်မ ထောင်ကျမှာကိုမမှုခဲ့ပါဘူး။ အခုကျမှတကယ်ခက်ခဲမှန်း ကျွန်မသဘော ပေါက်လာတယ်။ ကျွန်မအရမ်းကို စိတ်တွေညစ်ပြီးရှိုက်ကြီးတငင်ငိုခဲ့တယ်။ ကျွန်မအော် ဟစ်မိတယ်။ အာခေါင်တွေကလည်းတအားကိုခြောက်နေတယ်။ ကျွန်မအော်ဟစ်ပြီးငိုယို နေပုံက ကလေးတစ်ယောက်ငိုသလိုမျိုးပုံစံပေါက်နေမယ်ဆိုတာကျွန်မသိပါတယ်။ နောက်ပြီး ကျွန်မဖေဖေနဲ့ မေမေကိုတမ်းတပြီးခေါ်ခဲ့တယ်။ ကျွန်မပြောနေတာကိုဖေဖေနဲ့ မေမေကြား နိုင်မယ်လို့လည်း ထင်ခဲ့တယ်။

*****

# ၈။ ထောင်စောင့်

ဒီကောင်မလေးက တအားထူးဆန်းတယ်ဗျ။ သူ့ကိုအခုထိမေ့လို့မရဘူး။ ကျွန်တော် စရောက်လာတဲ့ပထမရက်မှာသူမက ဘာမှမပြောဘဲ အောက်ကိုပဲငုံ့ကြည့်နေခဲ့တယ်။ သူမကသောက်ရေတို့ခင်းစရာတို့တောင်းဖို့လည်း မေ့နေသလားမသိပါဘူး။ သူမက မတောင်းတော့ သူမဟာဆွံ့အသူလို့တောင် ထင်ခဲ့တယ်။ ထောင်သူ ထောင်သား တွေဒုက္ခခံစားနေရတယ်မြင်ရင်ကျွန်တော်မသနားမိဘူး… နှစ်သက်မိတယ်။ ဘာလို့လည်း ဆိုတော့သူတို့လည်းပဲ မကောင်းတာလုပ်ခဲ့လို့ မကောင်းတာဖြစ်နေရတယ်လို့ထင်တာပဲ။ အဲဒီလိုဒုက္ခခံဖို့လည်းကျွန်တော်က ကူညီပေးရတယ်လေ။ ကျွန်တော်ကသူတို့ကို ခဏခဏ ခြေထောက်တွေဘာတွေနဲ့ကန်တယ်။ အစားအစာလည်းမကျွေးဘူး။ ကျွန်တော့်စိတ်ထဲမှာ မကြည်တဲ့လူဆိုကျွန်တော်ကဘာမှမလုပ်ပေးတတ်ဘူး။ ဒီအတိုင်းပစ်ထားလိုက်တာပါပဲ။ ဒီဆွံ့အတဲ့ကောင်မလေးကို ကျွန်တော်မိန်းမကြီးနှစ်ယောက်ရှိတဲ့ အခန်းထဲကို ပြောင်းရွှေ့ ပေးလိုက်တယ်။ ကျွန်တော်အလုပ်မရှုပ်အောင်လို့လေ။ ထမင်းကို ဟိုအခန်းပို့ရ… ဒီအခန်း ပို့ရဆို ကျွန်တော်လည်းပင်ပန်းနိုင်တယ်လေ။ အဲဒီကောင်မလေးဟာ အခန်းထဲမှာရှိတဲ့ လူတွေနဲ့စကားလုံးဝမပြောဘဲ အခန်းထောင့်လေးမှာပဲ တစ်ယောက်တည်းနေတယ်။ မျက်လွှာ ကိုအောက်ချထားတော့ သူ့ကြည့်ရတာ ရုပ်ထုနဲ့တူနေတယ်။ သူမ ခဏခဏ လမ်းလျှောက်တယ်… ဖြည်းဖြည်းလေးပဲ။

သူမ အဲ့ဒီလိုလုပ်နေတာအချိန်တွေ ကုန်သွားအောင်လို့လား မသိပါဘူး။ အဲဒါကို စဉ်းစားမိတော့ ထောင်ထဲမှာတစ်ခါကြုံဖူးတဲ့ အဘိုးကြီးကိုသတိရမိသေးတယ်။ အဲ့ဒီ အဘိုးကြီးက တစ်ရက်ကိုလုံးဝ မထဘဲအိပ်ပြီး နောက်တစ်ရက်ကိုကျ မအိပ်ပဲနေတယ်ဗျ။ အဲ့လိုလုပ်တာ… သူ့စိတ်ထဲမှာထောင်သက် တစ်ရက်လျော့တယ်လို့ခံစားရတယ်တဲ့။ ထမင်းကိုတစ်နေ့တစ်ကြိမ်ကျွေးတယ်လေ။ သူကတစ်ရက်ကိုမထပဲအိပ်တော့ နောက်ရက် လည်းရောက်ရော… သူ့အတွက် ထမင်းက နှစ်နပ်ဖြစ်သွားတယ်လေ။ ကျွန်တော်လည်း ပြန်ပြောလိုက်မိပါတယ်။ ထမင်းကို အိပ်တဲ့ရက်ကျ မကျွေးဘူးလို့လေ။ သူ့ပြောတာ ကိုကျွန်တော်မနှစ်သက်လို့လေ။ ဆွံ့အတဲ့ကောင်မလေးကို ကြည့်ရတာ သူ့ခန္ဓာကိုယ်မှာ အလင်းရောင်တွေထွက်နေသလိုခံစားရတယ်။ ဒါကြောင့်သူ့ကိုညှည်းပန်းချင်စိတ်မရှိခဲ့ဘူး။

တစ်ခြားထောင်သားတွေလိုဒုက္ခလည်းမပေးချင်ဘူး။ သူ့ကိုကူညီစောင့်ရှောက်သင့်တယ်လို့လည်း ထင်မိတယ်။

*****

# ၉။ မာယာ

မိုးလင်းခါနီးအချိန်မှာကျွန်မအိပ်ပျော်သွားခဲ့တယ်။ မိုးလည်းလင်းရောအစောင့် အသစ်တစ်ယောက်ကအခန်းပြောင်းဖို့ကျွန်မကိုလာခေါ်ခဲ့တယ်…။ အခန်းသစ်ထဲမှာ မိန်းမကြီးနှစ်ယောက်ရှိနေတယ်။ သောက်ရေအိုးလည်းရှိတယ်။ စားစရာအမျိုးမျိုးထည့်လို့ ရတဲ့အိတ်လည်းရှိတယ်။ အဲဒီအိတ်ဟာ ဆောင်းရာသီအတွက်အတင့်တော်ဆုံးပါပဲ… ကျွန်မ ဈေးသွားရင် သုံးတဲ့အိတ်လေးကိုတောင်သတိရမိတယ်။ ဒါပေမယ့်ပထမအခန်းကို ကျွန်မ ပိုနှစ်သက်တယ်။ တစ်ယောက်တည်းမို့လို့လေ။ မိန်းမကြီးနှစ်ယောက်ပြောနေတဲ့ စကားသံ တွေကကျွန်မရဲ့ ငြိမ်းချမ်းမှုကိုဖျက်ဆီးနေသလိုပဲ။ အစောင့်လူကြီးကထောင်သားတွေကို နာမည်လုံးဝမခေါ်ဘဲ နာမည်ပြောင်တွေကိုပဲ ခေါ်လေ့ရှိတယ်။ ခြေထောက်ခွင်ပြီး လမ်းလျှောက်တဲ့သူကို တစ္ဆတ်တိုက်တဲ့။ နှာခေါင်းအမြဲတမ်းရှုံ့တဲ့သူကိုနှာခေါင်းရှုံ့တဲ့။ ကျွန်မရဲ့မျက်စိကအောက် ကိုပဲအမြဲကြည့်နေတာကြောင့် မျက်စိကန်းသူလို့ ခေါ်သလားမသိပါဘူး။ တစ်ချို့ လူတွေ ကကျဆွံ့အသူရဲ့သမီးတဲ့။ ဒီထောင်ထဲမှာခံစားရတာတွေ အားလုံးကစိတ်ညစ်ဖို့ကောင်းတယ်။ ဘာလုပ်လုပ်ခက်ခဲကြမ်းတမ်းတယ်ထင်မိတယ်။

ပူလွန်းလို့ခြေးတွေအများကြီးစီးကျလာလေလေ… ပိုးကောင်တွေကလည်း စုံလာလေလေပဲ။ သူတို့အော်သံတွေကလည်း တော်တော်ကျယ်တယ်။ သူတို့ကိုရိုက်သတ်ဖို့တောင် အင်အား မရှိလို့ ငြိမ်ငြိမ်လေးပဲထိုင်နေရတယ်။ ဂျုံမှုန့်တစ်ဝက်စီပါတဲ့ပုပ်သိုးနေတဲ့ ဟင်းတွေကိုစား ရတာအရသာလုံးဝမရှိဘဲ ဝမ်းဗိုက်နာကျင်မှုကိုတောင် ခံစားရပါသေးတယ်။ ဒါပေမယ့်မစားဘဲ မနေခဲ့ပါဘူး။ အစားအစာကနည်းနည်းလေးပေးတော့ ဗိုက်ဝအောင် မချန်ဘဲစားခဲ့ရတယ်။ လေတိုးသံတွေကလည်း တော်တော်ကျယ်လို့ ကျွန်မကြောက်မိတယ်။ ရေချိုးဖို့ပေးတဲ့ရေ ကလည်း ညစ်ပတ်တဲ့ရေအိုင်ထဲက ခပ်ထားတယ်နဲ့တူပါရဲ့။ ပိုးကောင်တွေ ပါလာတတ်ပြီး ကိုယ်ကိုယားယံစေတယ်။ ဒါကြောင့်မတတ်သာတဲ့အဆုံးကျမှပဲ ရေချိုးတယ်။ လက်ဆေး၊ မျက်နှာသစ် အဲ့ဒီလောက်ပဲလုပ်တယ်။ အိမ်သာတက်ဖို့အတွက် အခန်းထဲမှာ ပုံးတစ်ပုံးထား ပေးထားပါတယ်။ ပုံးထဲကိုပဲအညစ်အကြေးစွန့်ရတယ်လေ။ အဲ့ဒီပုံးကို တစ်ပတ်မှာတစ်ခါပဲလဲပေးတာကြောင့်အရမ်းနံပြီး ယင်ကောင်တွေ အများကြီးလာတယ်။ ကျွန်မတစ်ပတ်လောက်ကတော့ ဒူးပေါ်မျက်နှာမှောက်ပြီး အသံမထွက်ဘဲ ငိုခဲ့တယ်။ ချမ်းတဲ့အရသာကိုတော့နည်းနည်းခံနိုင်ရည်ရှိသွားလို့ တော်သေးတယ်။ သေချာ

ဆန်းစစ်ကြည့်တော့ ငိုတာအကျိုးမရှိဘူးဆိုတာသိလိုက်ရတယ်။ ဘာမှမပြောဘဲ ဒီအတိုင်း နေတာလည်း မကောင်းဘူး။ စိတ်ညစ်နေမယ့်အစား အဓိဋ္ဌာန်နဲ့တရားမှတ်နေတာ ပိုကောင်းမယ်။ ဖေဖေခဏခဏပြောပြတဲ့တရားကိုရအောင်လုပ်ဖို့ ကြိုးစားမယ်။ ကျွန်မရဲ့ မှတ်ဉာဏ်ကောင်းမှုကတော်တော်အသုံးဝင်ပါတယ်။ ဖေဖေပြောတဲ့တန်ဖိုးရှိတဲ့စကားတွေကို မှတ်မိနေလို့လေ။

ကျွန်မကပတ်ဝန်းကျင်တစ်ခုလုံးကိုဂရုမစိုက်တော့ပဲနဲ့ မှန်တဲ့အတိုင်းဖြစ်ပေါ်လာတွေကို မှတ်တယ်။ ကျွန်မစိတ်ထဲမှာပေါ်တဲ့အတိုင်း တိတိကျကျမှတ်ရှုခဲ့တယ်။ ခြင်တစ်ကောင် လာကိုက်ရင်တောင် ကိုက်နေမှန်းမသိလောက်အောင်ကို ဖြစ်ခဲ့တယ်။ အစောင့်က ထမင်းခွက်လာချသံကိုလည်း အလွယ်တကူနားထောင်နေတတ်ခဲ့တယ်။ တဖြည်းဖြည်း ကျွန်မခံစားတဲ့အားလုံးတစ်ခုမှမမေ့ဘဲ တိတိကျကျမှတ်ခဲ့တယ်။ ကျွန်မပတ်ဝန်းကျင် မှာလောဘမရှိဘဲ အားလုံးက ဖြစ်တတ်ပျက်တတ်တဲ့သဘော ခံစားချက်တွေရှိနေတယ်။ ရေစက်ကျသံ၊ အစောင့်လမ်းလျှောက်သံ၊ သော့ဖွင့်သံ၊ ကောင်မလေးနှာခေါင်းရှုံ့သံ တွေအားလုံးဟာနှစ်သက်ရာမပါဘူး။ အလေးအနက်သဘောတွေကိုလည်းခွဲခြမ်းစိတ်ဖြာ တတ်ခဲ့တယ်။ အရာအားလုံးဟာပေါင်းစပ်ပြီးမှဖြစ်ပေါ်လာတာပါပဲ။ ဘာမှမသေချာပါဘူး ကျွန်မရဲ့စိတ်တွေဟာတိမ်တွေလိုလွင့်မျောနေတာပါပဲ။ တဖြည်းဖြည်းဖေဖေပြန်ပြောတဲ့ စကား တွေကို လည်းတဖြည်းဖြည်း အဓိပ္ပာယ်ပေါက်လာခဲ့ပါပြီ။

ဘယ်လှုပ်ရှားမှုမဆို သတိအရမ်းထားပြီးလုပ်တယ်။ အချိန်တွေအားနေလို့ မြန်မြန် မလုပ်ဘဲနဲ့အရာအားလုံးကိုဖြည်းဖြည်းချင်းလုပ်ခဲ့တယ်။ ဥပမာ–တံခါးအထိ ဟင်းခွက် သွားယူတဲ့အချိန်မှာရှုမှတ်စရာ၊ သတိထားစရာအများကြီးရှိပါတယ်။ သေချာဂရုစိုက်ပြီး ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်းကိုရှုမှတ်ခဲ့တယ်။ မတ်တပ်ရပ်တာ၊ နေထိုင်တာ၊ လုပ်တာ ကိုင်တာကိုလည်း စနစ်တကျရှုမှတ်ခဲ့တယ်။ ပစ္စည်းတွေကိုလှမ်းပြီးယူတာက အစရှုမှတ်ခဲ့ တယ်။ အစောင့်လာပို့တဲ့အစားအစာများကို သံတိုင်ကြားကနေယူတဲ့အခါ သံတိုင်နဲ့ လက်ထိတာကိုရှုမှတ်တယ်။ ချွေးထွက်တဲ့အခါလည်းချွေးတွေ ထွက်ပြီး စီးကျနေတာကို ရှုမှတ်ခဲ့တယ်။ အစားအစာကို လှမ်းယူနေတုန်းစားချင်စိတ်များ လွန်းသွားတဲ့ လောဘဖြစ် လာရင်လည်း အဲဒီလောဘကိုစုစည်းပြီးရှုမှတ်ခဲ့တယ်။ တစ်ခါတစ်လေ အဖော်နှစ်ယောက်က ထမင်းစားပြီးလို့ ပြန်ထားချိန်မှာတောင်ကျွန်မရဲ့ ခွက်ကို မယူရသေးဘူး။ တန်ခိုးရှိသူတွေ ဟောတဲ့တရားအတိုင်း ကျွန်မလည်း အဲဒီတရားတွေကို လမ်းလျှောက်ခြင်း၊ ထိုင်ခြင်းစတဲ့ အရာတွေကို လုပ်ပြီးမှရခဲ့တာပါ။ ဝိပဿနာတွေညီမျှတယ်၊ ပျင်းတဲ့စိတ်တွေမဖြစ်သလို

စိတ်ရှုပ်စရာတွေလည်းမဖြစ်တော့ဘူး။ ထိုင်တဲ့အခါမှာ မျက်လုံးမှိတ်ပြီးတော့ ခန္ဓာကိုယ်အတွင်းမှာ ရှိတဲ့လှုပ်ရှားမှုမှန်သမျှကို ရှုမှတ်တယ်။ ညောင်းခြင်း၊ ယားခြင်း၊ အပြင်က အသံတွေ၊ အပူတွေ အအေးတွေကိုလည်း သေသေချာချာရှုမှတ်ခဲ့တယ်။ တစ်လထက်တစ်လ ရှုမှတ်တာတွေကို ပိုပြီးရှင်းရှင်းလင်းလင်း သိလာခဲ့ရတယ်။

*****

# ၁၀။ နှာခေါင်းရှုံ့သူ

ရှူး ရှူး ရှူး (နှာခေါင်းရှုံ့သံ)

ရှူး... သူမကမှော်ကဝေအစစ်ပဲ။ တရွတ်တိုက်ကတော့ အဲ့ဒါကိုမယုံပါဘူး။ ဒါပေမယ့် ကျွန်မကတော့ယုံတယ်။ သူမရေမချိုးဘူး။ ဒါပေမဲ့သူမရဲ့တန်ခိုးကြောင့်လားမသိဘူး... လုံးဝမနံဘူး။ တရွတ်တိုက်ကတောင်ပြောသေးတယ်။ ရှူး... သူ့တန်ခိုးနဲ့ ထောင်စောင့်ကို ညှို့ထားလို့လားမသိဘူးတဲ့။ ထောင်စောင့်က သူမဆိုရင်ဘာဒုက္ခမှမပေးဘူး။ အဲ့ဒါ သူမ တန်ခိုးတွေကိုကြောက်လို့ပေါ့။ ကျွန်မသူ့ကိုကြောက်တယ်။ ဘာမှမလုပ်ပဲ အေးအေး ဆေးဆေးနေတာကိုကကြောက်ဖို့ကောင်းနေတာ။ ဒါတောင်သူမကအသက်ငယ်ငယ်ပဲရှိသေး တယ်။ ရှူး... သူမကမေ့မြောနေတဲ့လူ၊ ဖုတ်ဝင်နေတဲ့သူလိုအသက်မရှိသလိုကြီးပဲ။ ဖုတ်ဝင်စားနေသလိုပဲအသက်မရှိသလိုနေတယ်။ တတ်နိုင်ရင်သူမနဲ့အဝေးဆုံးနေရာမှာ နေချင်မိ တယ်။ တတ်နိုင်သလောက်သူနဲ့အဝေးဆုံးကိုပဲ နေချင်တယ်။ ကျွန်မအခန်း ပြောင်းဖို့ အစောင့်ကိုပြောရင်လည်း သူကကျွန်မဗိုက်ကိုကန်တယ်။ လက်ကိုလည်း ခြေထောက်နဲ့ နင်းသေးတယ်။ ကျွန်မခဏခဏပြောလို့နဲ့တူပါရဲ့။ နောက်ဆုံးမှာကျွန်မကို ပြောင်းပေးခဲ့တယ်။

ရှူး... ကျွန်မသူမကိုတွေ့တိုင်းမမြင်ချင်ယောင်ဆောင်ခဲ့တယ်။ ဒါပေမဲ့ တစ်ရက်မှ မေ့လို့ မရဘူး။ သူမဘာမှဂရုမစိုက်ဘဲနဲ့နေတယ်။ ကိုယ့်ကိုယ်ကိုလည်းဂရုမစိုက်ပဲနဲ့နေခဲ့ တယ်။ အစားကျွေးရင်လည်းမြန်မြန်ယူမစားပဲနေတတ်တယ်။ ရှူး... တအားပူတဲ့အခါ ဒေါသ မထွက်ဘဲနေတယ်။ သူမကိုကြည့်ရတာ ခံစားချက်မဲ့နေတဲ့လူလိုပါပဲ။ ပိုးကောင် တွေကလည်း သူမဆီကို မလာတော့ပါဘူး။ သူမတန်ခိုးကြောင့် ပိုးကောင်တွေက သူမဆီကို မသွားဘဲ ကျွန်မတို့ဘက်ကိုပိုလာတယ်လို့ထင်တယ်... ညအခါမိုးရွာပြီးလျှပ်စီးပစ်ရင် ကျွန်မလုံးဝအိပ်လို့ မရတော့ဘူး။ သူမကို အရမ်းကြောက်နေမိလို့လေ။ ရှူး...

***

# ၁၁။ မာယာ

ဘယ်သူမဆိုဒုက္ခရောက်ရတာဟာ… ကိုယ်ပြုခဲ့တဲ့မကောင်းမှုပဲဆိုတာကို နားလည်လာတယ်။ ဟိုမိန်းမကြီးတရှူးရှူးမြည်အောင် နှာခေါင်းအမြဲရှုံ့နေတတ်တာဟာလည်း သူမရဲ့အကုသိုလ်ကြောင့်ပါပဲ။ သူတို့ကို ကျွန်မမေတ္တာစိတ်ထားပါတယ်။ ဒါပေမယ့် သူမကိုကြည့်ရတာကျွန်မထက် အသက်အများကြီးကြီးပြီး ကျွန်မကိုကြောက်နေပုံပါပဲ။ သူမကိုမြင်တော့ကျွန်မမေမေကိုတောင်သတိရမိတယ်။ မေမေကကြွက်ကလေးတွေဆို အရမ်းကြောက်တယ်။ သူတို့ကလည်းအရမ်းကြောက်ကြတော့..မေမေ့ကိုသတိရစေတယ်။ နှာခေါင်းရှုံ့အခန်းပြောင်းတာ ကျွန်မဝမ်းသာတယ်။ သူမမရှိတော့ အေးအေးဆေးဆေးနေလို့ ရတယ်လေ။ သူမကကျွန်မကိုဆိုအရမ်းကြောက်နေတတ်လို့။ တစ်ခါတစ်လေ ကျွန်မအရမ်းလွတ်လပ်တယ်။ ငှက်ကလေးတွေလိုမျိုးပေါ့ပေါ့ပါးပါးခံစားမိတယ်။ တစ်ခါတစ်လေ အားလုံးအရမ်းလွယ်တယ်။ ငှက်တောင်လိုမျိုး ပေါ့ပေါ့လေးပဲကျွန်မခံစားရတယ်။ တစ်ခါတစ်လေ အရမ်းခက်တယ်။ တစ်ခါတစ်လေဗိုက်ဆာတယ်။ အေးတာတွေနာကျင်တာတွေ ခံစားရတဲ့အချိန်မှာပျက်စီးတော့မယ်လို့ခံစားရတယ်။ ဒါပေမဲ့မစဉ်းစားတော့ဘူး။ ပိုစိတ်ညစ်လာမှာစိုးလို့မစဉ်းစားဘဲ နေတယ်။ ဘာပြဿနာတွေအနှောက်အယှက်အတွေတားမြစ်ပါစေ။ မမှုတော့ဘူး။ ဖေဖေပြောတဲ့စကားတွေအကျိုးရှိတယ်လို့ သိလိုက်ရတယ်။ အဲဒါဆိုမကောင်းတဲ့ခံစားချက်ပေါ်တဲ့အခါမှာ ခန္ဓာကိုယ်ရဲ့တောင့်တမှုတွေအားလုံးဘာပဲဖြစ်ဖြစ် ရှုမှတ်ရမယ်။ စနစ်တကျနဲ့အဲဒီခံစားမှုတွေနောက်ကိုမလိုက်ပဲနဲ့ စနစ်တကျရှုမှတ်ရမယ်။ ထိုင်တဲ့အခါ၊ လမ်းလျှောက်တဲ့အခါ၊ လှဲတဲ့အခါ၊ ရပ်တဲ့အခါ၊ စားတဲ့အခါ၊ မျက်နှာသစ်တဲ့အခါ ဘာပဲလုပ်လုပ်ဖြစ်ပေါ်လာတဲ့အချိန်မရွေး တိုက်ရိုက်စိတ်ကသိနေတယ်။ သည်းခံခြင်း၊ ဝီရိယရှိမှုတဖြည်းဖြည်းနက်နဲစွာစိတ်ရဲ့အတွင်းပိုင်းကို ပိုပိုသိလာတယ်။ အမှားတွေ အများကြီးဖုံးလွှမ်းခဲ့တယ်။ အဲဒီအမှားတွေကိုမြင်သိတဲ့အချိန်မှာ အမှားတွေဟာမကောင်းဘူး ဆိုတာသိလာခဲ့တယ်။ ဟိုအရင်ကလုပ်ခဲ့တာမှန်သမျှလည်း မကောင်းခဲ့ဘူးဆိုတာသိလာတယ်။ မှန်ကန်တဲ့တရားတွေကို စိတ်ထဲမှာပဲသိမ်းထားမယ်ဆိုရင် ဖေဖေကိုလေးစားလို့ မဟုတ်တော့ပါဘူး။ ကိုယ်တိုင်တိုက်ရိုက်နားလည်လာလို့ပါ။

ဝိပဿနာဟာ မကောင်းတဲ့စိတ်ကိုပဲသတ်နိုင်တယ်။ မောဟစိတ်ဟာသံယောဇဉ်မျိုးစုံကိုဖြစ်စေတယ်။ မကောင်းတဲ့အကျိုးမျိုးစုံကိုလည်းဖြစ်စေတယ်။ အဲဒီလိုဒုက္ခအမျိုးမျိုးခံစားရ

ပေမဲ့လည်း ကောင်းတယ်လို့ထင်တယ်။ အဲဒါတွေမလုပ်ဘူးဆိုရင်လည်း မကောင်းဘူးလို့ ထင်တယ်။ ဖေဖေပြောတဲ့တရားကိုငြင်းတဲ့သူတွေက ဘာနဲ့တူလည်းဆိုတော့ လူဆိုးကို သတ်တဲ့လူနဲ့တူတယ်။ အဲဒါဟာသံသရာလည်သလိုပါပဲ။ လူဆိုးကိုသတ်တဲ့လူကိုတားတဲ့ လူလိုပါပဲ။ သူလုပ်လိုက်ရင်ထပ်ပြီးအဲ့လိုခံစားမှာကိုသိရဲ့သားနဲ့လည်းလုပ်တယ်။ ဒုက္ခကို ခံစားရတာကိုပဲပျော်နေကြတယ်။ ဒုက္ခအကြောင်းကိုပြောပြရင်လည်း သူတို့လက်မခံချင်ကြ ဘူး။ ဒုက္ခရောက်ရင်လည်းမကြောက်ဘူးဆိုတဲ့လူစားမျိုးတွေပါပဲ။

တရွတ်ဆွဲမိန်းမကြီးဟာငါ့ရဲ့ အတွင်းစိတ်အလုပ်ကို သူသိနေသလိုလိုတော့ထင်တယ်။ ဘာလို့လည်းဆိုတော့ ကျွန်မကိုတော့ ကောင်းကောင်းစောင့်ရှောက်တယ်။ အဲ့လို စောင့်ရှောက် တဲ့အခါ သူစိတ်ထဲမှာ ချမ်းသာတဲ့အတွက် ကျွန်မလည်းသူ့အတွက် ဝမ်းသာတယ်။ တရားထိုင် တဲ့အခါမှာ ခြုံတဘက်ကျသွားရင်လည်း သူမဟာတဖြည်းဖြည်း ညင်ညင်သာသာလေး လာပြီးပြန်ခြုံပေးတယ်။ တစ်ခါတလေအစောင့်အနားယူတဲ့အခါမှာ သူမက ကျွန်မဆီလာပြီး ဂါဝန်ကိုချွတ်ပြီးလျှော်ပေးတယ်။ အရမ်းဟောင်းနေလို့ ပြဲနေတာ တွေရှိရင်လည်း ပြုပြင်ပေး တယ်။ အိတ်နဲ့ဖာထေးပြီးတော့ သူ ကျွန်မကို အဲဒီလိုလုပ်ပေးတာ သူစိတ်ချမ်းသာတဲ့အတွက် သူလုပ်သမျှကို အရုပ်တစ်ရုပ်လိုပဲ ခံခဲ့တယ်။ ကျွန်မမျက်လုံးတွေကို အောက်စိုက်ထား တာအမြဲတမ်းနေလို့ ထောင်ထဲကဘယ်သူကိုမှဘာမှ မမြင်ရဘူးလို့ထင်ရပေမဲ့ အားလုံးကိုပိုပြီး ကျွန်မမြင်ခဲ့တယ်။ အသံစွမ်းအင်၊ အကြားစွမ်းအင် မြေပေါ်အမြင်စွမ်းအင်အားလုံးကို လည်းသိနေတယ်။ သူများစကားကိုလည်း သေချာနား မထောင်ဘဲနဲ့အားလုံးကိုသိနေတယ်။ နှာခေါင်းရှုံ့အဒေါ်ကြီးကအလင်းရောင်ဝင်တဲ့ အပေါက် သေးသေးလေးကိုသူရဲ့အိတ်နဲ့ ပိတ်ရန်ကြိုးစားတယ်။ ခဏခဏပါပဲ။ ညဆိုရင်အဲဒီ အပေါက်က နေပိုးကောင်တွေဝင်လာလို့ ကောင်းကောင်းအိပ်လို့မရလို့ပိတ်တာဖြစ်တယ်။

တရွတ်ဆွဲအဒေါ်ကြီးရဲ့ဆံပင်ကိုလက်နဲ့ဖြီးပြီးရှင်းနေတာကိုလည်း ကျွန်မသိတယ်။ ပြီးတော့ သူရဲ့ဆံပင်ကိုလည်း ထမင်းခွက်နှုတ်ခမ်းနဲ့ဖြတ်တဲ့အသံကိုလည်းကျွန်မသိတယ်။ ကျွန်မရဲ့ဆံပင်ကိုတော့ဘာလောက်ပဲရှုပ်ရှုပ်နေပါစေ… လုံးဝဂရုမစိုက်ပဲနေခဲ့တယ်။ ဘာပဲ ဖြစ်ဖြစ် ကျွန်မဆံပင်ကို ဂရုမစိုက်ဘူး။ လက်သည်းတစ်ခုပဲသေချာဂရုစိုက်တယ်။ ထမင်းစားရန်၊ ရေသုံးတဲ့အခါ အနှောက်အယှက်ဖြစ်နေလို့ တစ်ခါတစ်လေသွားနဲ့လက်သည်း တွေကို ကိုက်ဖြတ်တယ်။ ခြေသည်းကတော့သူအလိုလိုပြတ်သွားတယ်။

သုံးလေးနှစ်ကြာတဲ့အခါမှာ ကျွန်မသိပ်ပြီးမပင်ပန်းတော့ဘူး။ ဘာကြောင့်လည်းဆို တော့ ကျွန်မသမာဓိအားကောင်းလို့ အားတအားရှိလာခဲ့တယ်။ ဘာပဲဖြစ်ဖြစ် စနစ်တကျ

ချက်ချင်း တိုက်ရိုက်ရှုမှတ်တဲ့အတွက်ကြောင့် မကောင်းတဲ့ခံစားချက်တစ်ခုမှမရှိဘူး။ သံယောဇဉ်လည်း မဖြစ်တော့ဘူး။ အားလုံးကိုလည်း ဥပေက္ခာပြုနိုင်ခဲ့တယ်။

ကျွန်မရဲ့ထောင်ဘဝ အခြေအနေအမျိုးမျိုးတွေကို ပိုပြီးဂရုမစိုက်ဘဲနေတယ်ဆိုရင် အားလုံးဟာအဆင်ပြေနေတယ်။ စားစရာလည်းကောင်းလာသလိုပဲထင်တယ်။ အိပ်တဲ့ အခါမှာလည်း ကျွန်မရဲ့ခန္ဓာကိုယ်ဟာလည်းကြမ်းတမ်းတဲ့နေရာမှာ အိပ်ပေမဲ့လည်း အိပ်ပျော်လာတယ်။ ဘာပဲဖြစ်ဖြစ်ကိုယ့်ဘာသာလုပ်စေတဲ့အခါမှာ ပိုပြီးတော့ဘာမှ မမျှော်လင့်ဘဲ ပိုပြီးတော့ ကျွန်မလိုအပ်တာတွေဟာ သူ့ဘာသာအလိုလိုပြည့်စုံလာတယ်။

****

# ၁၂။ တရွတ်ဆွဲအမျိုးသမီး

ဒီဒေသမှာ စိတ်မမှန်တဲ့သူတွေအများကြီးရှိတယ်။ အဓိကအားဖြင့် လင်းတ ထောင်ထဲမှာ နေဖို့မကောင်းဘူး။ ဆွံ့အတဲ့မိန်းကလေးဟာ လောကထဲမှာ မျက်စိလည် နေသလိုပါပဲ။ သူ့ဘာသာပျော်နေတာဖြစ်မယ်။ သူမဟာဘာကိုမှမစပ်စုပဲ နူးနူးညံ့ညံ့နေတဲ့ မိန်းကလေး တစ်ယောက်ပါပဲ။ သူမဟာကိုယ့်ကိုယ်ကိုလည်းဂရုမစိုက်ဘူး။ ရေလည်းမချိုး ဘူး။ မျက်နှာပဲ သစ်တယ်။ သူရဲ့ဟင်းခွက်ကိုယူဖို့စားဖို့မေ့နေတတ်တယ်။ ထိုင်ပြီးတော့ လည်းဘယ်ကိုမှ မရွေ့ပဲနေတတ်တယ်။ အချိန်တိုင်းသူမဟာအဲ့ဒီလိုပဲနေတဲ့အတွက် အရမ်း သနားမိတယ်။ ထမင်းခွက်လာပေးရင်လည်းသူမကယူစားဖို့မေ့နေတတ်တယ်။ အဲ့ဒီအခါမှာ ကျွန်မက သူမဆီကိုယူသွားပေးတတ်ပါတယ်။ သူမကရောဂါရှိနေတဲ့သူနဲ့တူတယ်။ သူမရဲ့ ဦးနှောက်က ဖြည်းဖြည်းလေးပဲ လုပ်လို့နဲ့တူပါရဲ့… သူမလှုပ်ရှားပုံတွေကလည်း ဖြည်းဖြည်းလေးပါပဲ။ နှာခေါင်းရှုံ့က သူမကိုဆိုအရမ်းကြောက်တယ်။ ဆွံ့အတဲ့ ကောင်မလေးကသဘောကောင်း သလောက် နှာခေါင်းရှုံ့ကတော့စိတ်သဘောထား အရမ်းဆိုးတယ်။ တအားလည်း ရက်စက်တယ်။ နှာခေါင်းရှုံ့စကားပြောပြီဆိုလည်း စိတ်သက် သာရာမရတဲ့အကြောင်းတွေကိုပဲ ထပ်တလဲလဲပြောလေ့ရှိတယ်။ ဥပမာ–သူ့ဆရာက လူတွေကိုအဆိပ်ခတ်ပြီးဘယ်လိုသတ်တယ် ဆိုတာကိုလေ။

ဆွံ့အတဲ့ကောင်မလေးနဲ့ နေတာကိုပိုကြိုက်တယ်။ တစ်နေ့… အစောင့်ကလာခေါ်တဲ့ နေ့မှာ ကျွန်မဒီကောင်မလေးအပေါ်မှာ သံယောဇဉ်တွေဘယ်လောက်ထားခဲ့တယ်ဆိုတာကို မြင်ခဲ့တယ်။ သူမရှိရင်အေးချမ်းတယ်။ သူမမရှိတော့ ထောင်ခန်းကြီးကငြိမ်သက်ပြီး ပူလောင်ခြင်းနဲ့ပြည့်နေတဲ့ဗလာကြီးပါပဲ။

*****

# ၁၃။ မာယာ

တစ်ခုပြီးတစ်ခု ကျွန်မရဲ့သံယောဇဉ်များတွေကို ပညာတန်ခိုးကြောင့်တစ်ခုပြီးတစ်ခုဟာ လေတိုက်ရင်လွင့်သွားတဲ့ပန်းဝတ်မှုန်လိုပဲ။ ကျွန်မရဲ့သံယောဇဉ်တွေက ပျောက်ကွယ်သွားတယ်။ ကျွန်မရဲ့ရှုမှတ်တဲ့ဟာက အမှန်တရားနဲ့ကိုက်တဲ့အတွက်ကြောင့် ကျွန်မမှာ ဘာသဘောတရား ဘာစိတ်မှမရှိတော့ပါဘူး။ ဖေဖေကအပူအပင်မရှိတဲ့ အဲဒီဟာကို တစ်ခါမှမပြောဖူးဘူး။ မောဟကြောင့်ဒုက္ခဖြစ်စေတယ်။ အဲဒါဖြစ်ရင်အမြဲတမ်းဘာပဲဖြစ်ဖြစ် အကုန်လုံးမှန်တဲ့အတိုင်းပဲသိရတယ်၊ မြင်ရတယ်၊ ခံစားရတယ်။

မနက်ခင်းတစ်ခုမှာအစောင့်က ကျွန်မတို့အခန်းရဲ့တံခါးကိုခေါက်ပြီး မင်းရဲ့အခန်းဖော်ကို နှုတ်ဆက်လိုက်ပါလို့ကျွန်မကိုပြောတယ်။ တရွတ်ဆွဲအဒေါ်ကြီးလည်း လွတ်ပြီလို့ထင်ခဲ့ပေမယ့် သူမမလွတ်သေးဘူး။ အဆင်သင့်ဖြစ်ပြီလားလို့မေးတော့ ကျွန်မခြုံထဘက်ကို ကောက်ကိုင်တဲ့အချိန်မှာ တရွတ်ဆွဲအဒေါ်ကြီးက ကျွန်မဆီပြေးလာပြီး ဒူးထောက် လျက်နဲ့ ငိုပါတော့တယ်။ သူမမျက်နှာကို ကျွန်မဝမ်းဗိုက်နဲ့ကပ်ပြီး မျက်ရည်တွေ စွဲနေအောင် ငိုပါတော့တယ်။ ကျွန်မလည်းမေတ္တာစိတ်အပြည့်နဲ့နှစ်သိမ့်ပေးလိုက်ပါတယ်။ သူမငိုတာ အံ့သြတယ်။ အစောင့်ကအပေါက်ထိလိုက်ပို့တဲ့အခါမှာ သူမငိုသံဟာစကြံန် အဆုံးထိအောင် ကြားရတယ် နေ့နေ့လေးပဲ နေပြီးလမ်းလျှောက်တယ် အစောင့်က အသက်ကြီးသူဆိုတော့ ဖြည်းဖြည်းညင်ညင်သာသာခေါ်သွားခဲ့တယ်။ စကြံန်အတိုင်း လျှောက်သွားတော့ သံတံခါးများဖြတ်သွားပြီးဝင်ပေါက်တံခါးကြီးနားမှာ ရှိတဲ့လူနှစ်ယောက်က တံခါးတွန်း ဖွင့်ပေးခဲ့တယ်။ အဲဒီအချိန်မှာအစောင့်က ကျွန်မကိုပြောတယ် မင်းလွတ်လပ်သွားပြီတဲ့။ ကျွန်မ ပြန်ပြောလိုက်ချင်တယ်… ကျွန်မလွတ်နေတာကြာပါပြီလို့။ ဝစီပိတ်နေချင်သေးလို့ မပြောခဲ့ဘူး။

ကျွန်မထောင်ထွက်တာကို စောတယ်လို့ထင်တယ်။ အချိန်ကအရမ်းကုန်လွယ်တယ်လို့ထင်တယ်။ ကျွန်မဟာရက်တွေလတွေနှစ်တွေကို ကုန်လို့ကုန်မှန်းမသိခဲ့ဘူး။ မျက်စိကလုံးဝဖွင့်လို့ မရအောင် နေရဲ့အလင်းရောင်ကစူးရှနေတယ်။ ကျွန်မမှာ အဝတ်တစ်ထည်နဲ့ ခြုံထဘက်တစ်ထည်ပဲရှိတယ်။ သစ်ပင်အောက်ကိုရောက်တော့ ဘဝအကြောင်းကို စဉ်းစားမိတယ်။ ကျွန်မက စည်းကမ်းကြီးတယ်။ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာလေဟာနယ်လိုပဲ အားလုံးဟာလွတ်လွတ်လပ်လပ်ရှိနေပါတယ်။ ကျွန်မရည်ရွယ်ချက်တစ်ခုမှမရှိပဲ ခြေဦးတည့် ရာသွား

နေတယ်… ကျေးငှက်တွေတေးဆိုသံတွေကိုသာမှတ်ရှုခဲ့တယ်။ လမ်းမှာ ဥသျှစ်သီးနဲ့ ဆီးသီးတွေကိုပဲစားခဲ့ရတယ်။ နွားလှည်းမောင်းလာတဲ့ လူတစ်ယောက်ကကျွန်မကို ပေါင်မုန့် ပေးပြီးထွက်သွားခဲ့တယ်။ ကျွန်မအံ့သြမိတယ်။ ကျွန်မတောင်းလည်းမတောင်း၊ မေးလည်း မမေးဘူးလေ။ စမ်းချောင်းတစ်ခုတွေ့တော့ ကျွန်မလည်ပင်းထိရောက် အောင်ဆင်း လိုက်တယ်။ မောင်လေးကိုလည်း သတိရတယ်..သူနဲ့ချောင်းထဲမှာ အတူတူ ဆော့ခဲ့ဖူး တယ်လေ။ ရေအိုင်ထဲမှာကစားခဲ့တာတွေကို ပြန်ပြီးသတိရလာတယ် ဒါပေမဲ့ ကျွန်မရဲ့ စိတ်ထဲမှာ ပျော်ရွှင်မှု ဝမ်းနည်းမှုမျိုးတစ်ခုမှမခံစားခဲ့ရဘူး။

အဓိပ္ပာယ်မရှိတဲ့ဘဝကနေလွတ်မြောက်ချင်မိတယ်။ ကျွန်မအဝတ်စိုကြီးနဲ့နေဝင်တဲ့အထိ လမ်းလျှောက်ခဲ့တယ်။ မိုက်ဆာတော့လမ်းဘေးမှာထိုင်ပြီး ဝမ်းမိုက်ရဲ့လှုပ်ရှားမှုတွေကို ရှုမှတ်ခဲ့တယ်။ ကျွန်မရဲ့မျက်လုံးများဖွင့်လိုက်တာနဲ့ ယောကျာ်းတစ်ယောက် ကျွန်မရဲ့အနားကို ချဉ်းကပ်လာတာတွေ့လိုက်တယ်။ သူ့ကိုအံ့သြခဲ့တယ် ဘာလို့လည်းဆိုတော့ သူက ဒူးထောက်ပြီး ပညာရှိတွေကို ရိုရိုသေသေကန်တော့သလို ကျွန်မကို ကန်တော့နေတယ်။ သူ့ကို အရူးလို့တောင်ထင်မိတယ်။ ဒါပေမဲ့ သူ့ရဲ့အဝတ်အစားဟာ တော်တော်လေးသန့်နေတယ်။ သူကကျွန်မကိုပြောတယ် ကျွန်တော်ဟာ ဒီနားတစ်ဝိုက်က တည်းခိုခန်းပိုင်ရှင်တစ်ယောက် ဖြစ်တယ်လို့ ကျွန်မကိုပြောပါတယ်။ သူဟာကျွန်မကို သူ့တည်းခိုခန်းမှာ လိုက်တည်းဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဘာလို့လည်းဆိုတော့ ဒီလိုနေရာမျိုးဟာ ကျွန်မလို မိန်းကလေး တစ်ယောက်အတွက် မသင့်တော်တဲ့နေရာတစ်ခုလို့ပြောခဲ့တယ်။ သူ့ရဲ့တည်းခိုခန်းဟာ အရမ်းကို ကောင်းပါတယ်။

တည်းခိုခန်းလေးဟာ သပ်သပ်ရပ်ရပ်နဲ့နေချင်စဖွယ်လေးပါ။ ဒီထက်ကောင်းတဲ့ တည်းခိုခန်းမျိုးမရှိတော့ဘူးလို့တောင်ထင်မိတယ်။ တည်းခိုခန်းပိုင်ရှင်ရဲ့ဇနီးက ကျွန်မရဲ့ ညစ်ပတ်နေတဲ့ခြေထောက်ကို ဂရုတစိုက်နဲ့ လိုလိုလားလား ဆေးကြောပေးခဲ့ပါတယ်။ မြင့်မြတ်တဲ့ရသေ့မလေးအတွက် အခန်းတစ်ခန်းပြင်ဆင်ပေးရန် တည်းခိုခန်း ပိုင်ရှင်က သူ့ဇနီးကို ပြောခဲ့တယ်။ သူကိုယ်တိုင်လည်း ကျွန်မအတွက် သောက်ရေသွားယူ လာခဲ့ပါတယ် ကျွန်မအရမ်းအံ့သြမိတယ်… ရသေ့မဆိုတဲ့ အသုံးအနှုန်းကိုပေါ့… တည်းခိုခန်းပိုင်ရှင် ပြောပုံအရဆိုရင် သူကျွန်မကို ရသေ့မလို့ထင်နေတယ်ထင်တယ်။ ကျွန်မ အခုသိလိုက်ပါပြီ… ကျွန်မဟာ ရသေ့မတစ်ယောက်ဖြစ်နေပြီ ဆိုတာကိုလေ…။ အခု တည်းခိုခန်းပိုင်ရှင်ရဲ့ဇနီးက သူ့ရဲ့အဝတ်ဟောင်းတစ်ထည် ကိုပေးပါတယ်။ ကျွန်မရဲ့ ဂါဝန်ဟောင်းလေးက ကျွန်မအတွက် အလွန်ကိုသေးနေလို့ပါ။ ညရောက်တော့ ကျွန်မကို သပ်သပ်ရပ်ရပ်ရှိတဲ့ အခန်းတစ်ခုတည်းမှာ

နေစေပါတယ်။ တည်းခိုခန်းက လူတွေကလည်း ကျွန်မကိုရိုရိုသေသေဆက်ဆံပါတယ်။ ဂရုလည်းစိုက်ကြပါတယ်။ ဘာကြောင့်လည်း ဆိုတာကိုတော့ ကျွန်မနားမလည်ခဲ့ပါဘူး။ ကျွန်မကလည်းအားလုံးကို မေတ္တာစိတ်နဲ့ ဆက်ဆံခဲ့ပါတယ်။ ဒီမှာဆိုရင် ထောင်သူထောင်သားတွေရဲ့ ညည်းညူသံလည်းမရှိဘူး။ အရမ်းကိုအေးဆေးတိတ်ဆိတ်တဲ့ နေရာလေးလည်းဖြစ်တယ်။ မပူမအိုက်ပဲ လေကောင်း လေသန့်ရတဲ့နေရာလေးပါ။ တရားမထိုင်ခင်မှာ ကျွန်မစဉ်းစားခဲ့မိတယ် ကျွန်မကမိန်းမသား ဖြစ်နေတော့ လုံခြုံမဲ့နေရာတစ်နေရာလိုအပ်မယ်ဆိုတာလေ။ ကျွန်မနားလည်နေတဲ့ တရားတွေကို ပြန်လည်ပို့ချရင်ကောင်းမယ်လို့လည်း စဉ်းစားမိတယ်။ အိပ်ခါနီးမှာ ကျွန်မ ဆင်ခြင်လိုက်တော့ ကျွန်မလိုတောသူအတွက် ဒီလောက်ကောင်းတဲ့ အိပ်ယာပေါ်မှာ အိပ်တာ မသင့်တော်ဘူးလို့ထင်တယ်။ ဒါကြောင့် သူတို့ပေးတဲ့ခြုံထည်လေးနဲ့ ကြမ်းပြင်ပေါ်မှာပဲ အိပ်စက်ခဲ့တယ်။

*****

# ၁၄။ တည်းခိုခန်းပိုင်ရှင်

ကျွန်တော်သူမကို လမ်းပေါ်မှာစတွေ့လိုက်တော့ ထူးထူးခြားခြားခံစားမိတယ်။ မြင့်မြတ်တဲ့အမူအယာ၊ ဘယ်သူနဲ့မှမတူတဲ့ပုံစံ၊ ကိုယ်ရောင်ကိုယ်ဝါတောက်ပနေသလိုမျိုး ဖြစ်နေတဲ့ သူမဟာ အလွန်ကြည်ညိုစရာကောင်းပါတယ်။ အဲ့ဒီလိုပုံစံမျိုးတစ်ခါမှ မမြင်ဖူးခဲ့ဘူး။ သူမကိုကူညီချင်တဲ့စိတ်ကတော့ သူ့အလိုလိုပေါ်လာခဲ့တယ်။ တခြားရသေ့တွေနဲ့ လည်း ဆုံဖူးခဲ့ပါတယ်... ဒါပေမယ့်သူမလောက် ငြိမ်းချမ်းတဲ့အသွင်ကိုမဆောင်ဘူး။

ကျွန်တော့်ရဲ့စုတ်ချာတဲ့ တည်းခိုခန်းလေးမှာသူမကို တည်းစေမိတာ ရှက်ဖို့ကောင်းလှတယ်။ ဒါပေမယ့်သူမကို လမ်းမှာတစ်ယောက်တည်း မထားခဲ့နိုင်ပါဘူး။ သင့်လည်း မသင့်တော်ဘူးလေ... အဲ့ဒါကိုစဉ်းစားမိပြီး စုတ်ချာတဲ့ကျွန်တော့်ရဲ့တည်းခိုခန်းကို ခေါ်ခဲ့ပါတယ်။ နောက်တစ်နေ့မနက်ရောက်တော့ ရသေ့မများနေတဲ့နေရာကိုညွှန်ပေးဖို့ သူမ စတင်ပြီးစကားပြောလာပါတယ်။ ကျွန်တော်လည်း ဖြူးတောင်ခြေက ဝါးတောမှာရှိတဲ့ ရသေ့မတွေနေတဲ့ကျောင်းကို ညွှန်ခဲ့ပါတယ်။ အဲ့ဒီကျောင်းဟာဆိုရင် တောင်တွေကြား မှာရှိပြီး မြေပြန့်နှစ်ခုစာလောက်ဝေးပါတယ်။ မနက်စာစားပြီးတဲ့အချိန်မှာ သူမကိုလှည်းနဲ့ လိုက်ပို့မယ်လုပ်တော့ သူမလက်မခံခဲ့ဘူး။ တိရစ္ဆာန်အားသုံးသော လှည်းကိုသူမ မစီးချင်ကြောင်းငြင်းဆန်ခဲ့တယ်။ သူမကလိုအပ်တဲ့အခါမှသာ စကားပြောလေ့ရှိပါတယ်။ သူမ ဆရာကိုမေးတဲ့အခါမှာ ဆရာမရှိကြောင်း ပြောတယ်။ ပြီးတော့ခဏလေးစဉ်းစားပြီး သူမ ပြောလိုက်တာက ဖေဖေက ကျွန်မရဲ့ဆရာပါပဲ။

****

# ၁၅။ မာယာ

မိုးမလင်းခင်အထိတရားထိုင်ခဲ့တယ်… မနက်မိုးလင်းတော့ မျက်နှာသစ်ဖို့ရေကို တည်းခိုခန်းပိုင်ရှင်က ယူလာပေးခဲ့ပါတယ်။ တည်းခိုခန်းပိုင်ရှင်မျက်နှာသစ်ဖို့ရေကို ကျွန်မအတွက်ယူပေးခဲ့ပါတယ်။ ကျွန်မအတွက်ပြင်ဆင်ထားတဲ့ မနက်စာဟာဆိုရင် မင်းသမီး တစ်ပါးကို တည်ခင်းပေးသလိုမျိုး ခမ်းနားနေခဲ့ပါတယ်။ ငချိတ်ပေါင်း၊ ကြက်ဥမုန့်၊ ပန်းသီး၊ စပျစ်သီး၊ ဆိတ်နို့စတာတွေတည်ခင်းကျွေးမွေးတယ်။ ကျွန်မဘာကိုမှ မမက်မော တော့ပါဘူး။ ဒါတွေဟာ နည်းနည်းထက်ပိုသွားရင် သာယာမှုဖြစ်စေတယ်။ ဒါပေမယ့် ကျွန်မနည်းနည်းပဲ စားခဲ့ပါတယ်။

ရသေ့မများနေတဲ့နေရာကို မေးဖို့အတွက်ကြောင့် ခုနစ်နှစ်နေဖို့ဝစီပိတ်အဓိဋ္ဌာန် ပျက်သွားခဲ့တယ်။ ကျွန်မရဲ့အသံကို ကိုယ်တိုင်ပြန်ကြားရတာ အရမ်းထူးဆန်းပြီးတော့ ပြောချင်တာတွေကို ပြန်ပြောနေမိတယ်။ ခုနစ်နှစ်လုံးလုံးစကားမပြောပဲနေခဲ့လို့ပေါ့။ ကျွန်မရဲ့အလှူရှင်က ကျွန်မအတွက်အစားအစာအပြည့်ပါတဲ့အိတ်ကိုပေးပြီး လေးလေး စားစားရှိခိုးခဲ့ပါတယ်။ ကျွန်မသူတို့ကို အလွယ်တကူကျင့်ကြံနိုင်မယ့် တရားနည်းလမ်း အချို့ကို ပြောပြခဲ့ပါတယ်။ လမ်းခရီးမှာ လူအများအပြားကလည်း အကူအညီတွေပေးကြပါ တယ်။ နားတော့မယ်ဆိုနေရာအဆင်သင့်၊ ရေဆာပြီဆိုရေအဆင်သင့် ရှိနေခဲ့ပါတယ်။ တည်းခိုခန်းကနေ ရသေ့မများကျောင်းကိုရောက်ဖို့ သုံးရက်တိတိလမ်းလျှောက်ခဲ့ပါတယ်။

ကျောင်းကိုရောက်ရောက်ချင်း ရသေ့မတွေကိုတွေ့တော့ ကျွန်မကန်တော့ခဲ့ပါတယ်။ ကန်တော့နေတုန်း သူတို့ကလည်း ကျွန်မကိုပြန်ကန်တော့ကြတယ်။ ဘာလို့လဲဆိုတော့ ကျွန်မရဲ့ပုံစံကတရားစစ်၊ တရားမှန်ကိုရှာဖွေတွေ့ရှိပြီးတဲ့ ရဟန္တာမနဲ့ တူနေလို့ဖြစ်လိမ့်မယ်။ တည်းခိုခန်းပိုင်ရှင်ကလည်း ပြောခဲ့ပါတယ်။ တရားပိုင်ရှင်ရဲ့သမီးတော်ကို တစ်ခါမှ မတွေ့ဖူးဘူး။ တရားပိုင်ရှင်ဟာ သူ့ရဲ့သားသမီးတွေ အပေါ်မှာထားတဲ့ချစ်မေတ္တာနဲ့ အဖေတစ်ယောက်က ပြောတဲ့တရားကို ငါကလည်း မင်းတို့အားပြန်ဟောခဲ့ပါ့မယ်။ အမှောင်ထဲမှာနေတဲ့အခါမှာ တွေ့ရတဲ့အလင်းရောင်လေးကို မင်းတို့အားပေးမယ်။

***

## ရှင်ဓမ္မသာမိ (ပြင်သစ်)

# ရသေ့မလေး မာယာ

လယ်တော်သူ သူငယ်မလေးတစ်ယောက်ရဲ့ ထူးထူးဆန်းဆန်း တရားထူးရရှိခြင်း။

ဤပုံပြင်ဟာ ဆန်းသစ်တီထွင်ဖန်တီးတဲ့ပုံပြင်ပါ။ တကယ်အမှန်အကန်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် မြတ်စွာဘုရားရဲ့တရားတော်အတိုင်း ကျင့်ကြံလို့ တရားထူးရတာပါ။ လူတစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းတော့မတူပါဘူး။ ဤပုံပြင်က အဲဒါကို ပြပါတယ်။ အထူးသဖြင့် တရားအားထုတ်ပုံမှာ အမြင်ချင်းမတူတာကို ပြပါတယ်။

ဤစာအုပ်ဖြစ်မြောက်အောင်

ပြင်သစ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရာမှာ မြန်မာဝါကျများ အဆင်ပြေချောမွေ့အောင် ကူညီပေးသော –

အရှင်ဒေဝိန္ဒ(သာသနာ့တက္ကသိုလ်၊ မန္တလေး)အားလည်းကောင်း။

ဖောင်တော်ဦးပရဟိတကျောင်းမှ ဆရာမများ ဖြစ်ကြသော

မအိအိဖြိုးလွင်၊ မဟေမာစိုး၊ မယဉ်မွန်အောင်၊ သူဇာလွင် တို့အားလည်းကောင်း

အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။